အရောင်းရဆုံးစာအုပ်ဖြစ်သွားပါသည်။ (၁၆၁၁) ခုနှစ်ကတည်းက စတင်ထုတ်ဝေလာခဲ့သော Anthorised Version ခေါ် KJV (King James's Version) စာအုပ်သည်ပင် ထုတ်ဝေဖြန့်ချိသူများအတွက် နှစ်စဉ်ပေါင်စတင်ငွေ (၁)သန်းကျော် အကျိုးပြုနိုင်ခဲ့ပါသည်။ အမှန်ပင်သမ္မာကျမ်းစာအုပ်သည် ကမ္ဘာ့အရောင်းရဆုံး စာအုပ်ကြီးဖြစ်သည်မှာ ငြင်းဆိုဖွယ်ရာမရှိတော့ချေ။ ထို့ကြောင့် ဤကဲ့သို့သောစီးပွားဖြစ်ထုတ်ဝေရောင်းချရသော စာရင်းအင်းများကို ကြည့်ပြီးမှ အင်္ဂလန်နိုင်ငံ အပါအဝင်တကမ္ဘာလုံးသို့ အခမဲ့ဖြန့်ဝေသော အိဒုန်ကျမ်းစာအဖွဲ့ကြီးမှ ကျမ်းစာအုပ်သန့်ပေါင်း (၇၀)ကျော်နှင့်၊ ကမ္ဘာ့ကျမ်းစာအုပ်အဖွဲ့ချုပ်ကြီး (The Bible Society) မှ အခမဲ့ဖြန့်ချိနေကြသည့် အကြမ်းဖျင်းခန့်မှန်းခြေကျမ်းစာအုပ် သန်းပေါင်း(၁၀၀၀)ကျော် အစရှိသည်များကိုပါ ထည့်တွက်ရသောအခါ၊ သမ္မာကျမ်းစာအုပ်ကြီးသည် လူ့သမိုင်းတလျှောက်ရှိ ပုံနှိပ်ထုတ်ဝေခဲ့ကြကုန်သော မည်သည့်စာအုပ်များထက်မဆို ကိန်းဂဏန်းအရေအတွက် အများဆုံးဖြစ်ကြောင်း သံသယပွါးဖွယ်ရာပင်မရှိပါ။

## ဤကမ္ဘာကြီးကပေးနိုင်သော အရာထဲ၌တန်ဖိုးအရှိဆုံးသည် သမ္မာကျမ်းစာအုပ် ဖြစ်ကြောင်း

"The most valuable thing that this world affords"

ကျမ်းစာအုပ်သည်အမှန်တရား ဖြစ်ကြောင်းနှင့်ပတ်သက်၍ သက်သေခံခြင်းအဖြစ်၊ အင်္ဂလန်နိုင်ငံတရားရုံး၌ ဂတိသစ္စာကျိန်ဆိုခြင်းသည် ကာလအတော်ကြာကတည်းက ပြုလုပ်လာခဲ့သော ယဉ်ကျေးမှုတစ်ရပ်ဖြစ်ကြောင်းကို သိပြီးသူလူများစွာရှိကြပါသည်။ အင်္ဂလိကန်အသင်းတော်၌ မင်္ဂလာလက်စွပ်ကို သမ္မာကျမ်းစာပေါ်တင်ပြီးမှ လက်ထပ်သူများ၏လက်ထဲစွပ်ပေးသည့်ဓလေ့ရှိကြောင်းသတိပြုသူများရှိကြပါသည်။ သို့သော်ဘုရင် (သို့မဟုတ်)ဘုရင်မနန်းတက်ပွဲအခမ်းအနား၌ သက်ဆိုင်ရာ နန်းတက်လာသူဘုရင်/ဘုရင်မထံ၊



# “သမ္မာကျမ်းစာအုပ်ကြီး အံ့ဖွယ်ရာအကြောင်း”

# The Miracle of the Bible

## ဘုရားရှင်၏နှုတ်ကပတ်တရားတော်ကိုပုံနှိပ်ထုတ်ပေးခြင်း။

## The word of God is Print

သမ္မာကျမ်းစာအုပ်ကြီးသည်၊ ကမ္ဘာ့စာပေကြီးများထဲ၌လက်ရာအပြောင်မြောက်ဆုံးဖြစ်ကြောင်းလူတိုင်းလက်ခံကြပါသည်။ကမ္ဘာဦးကျမ်းကြီးနှင့်ရှင်ယောဟန်၏ခရစ်ဝင်ကျမ်းမှခန့်ငြားထည်ဝါသော အခန်းကြီးများပါအကြောင်းအရာများ၊ သက်ဝင်လှုပ်ရှားသော ဆာလံကဗျာကျမ်းကြီး၊ ပရောဖက်ကြီးများ၏လူသိရှင်ကြားဟောကိန်းထုတ်ချက်များ၊ ယေရှုခရစ်တော်၏ပြီးပြည့်စုံလင်သော ဘဝနှင့်ပီပြင်သောလုပ်ဆောင်ချက် များအပါအဝင် အလွန်တရာ လျှို့ဝှက်နက်နဲဆန်းကျယ်သည့် ဗျာဒိတ်တော်ကျမ်းကြီးများသည်၊ သမ္မာကျမ်းစာအား ပထမတန်းစားအဖြစ်တည်ရှိအောင် ရေးသားဖေါ်ပြနိုင်ကြပါသည်။ ယင်းသည်မည်သည့်ခေတ်မှ မည်သည့်ဘာသာ စကား၌အတုမရှိသောလက်ရာတစ်မျိုးဖြစ်သည်။ ဤတွင်မကသေးပါ-သမ္မာကျမ်းမြတ်ကြီးကိုယ်တိုင်ကိုက “ဤကျမ်းသည် ထာဝရဘုရား၏ နှုတ်တော်ထွက် တရားတော်များသာဖြစ်ကြောင်း ”ဖေါ်ညွှန်းလာခဲ့ပါသည်။

## ကမ္ဘာ့အကောင်းဆုံးမှတ်တမ်းတင်စာအုပ်ကြီးဖြစ်ကြောင်း။

**The world's most Remarkable Book**

သမ္မာကျမ်းပါအကြောင်းအရာအချက်အလက်များသည် ရှေးအကျဆုံးသောအကြောင်းအရာများဖြစ်ကြပါသည်။ ကျမ်းစာအုပ်ကြီးပါအချို့သောအပိုင်းကဏ္ဍတို့သည်နှစ်ပေါင်း(၃၀၀၀)ကျော်ကတည်းကရေးသားခဲ့ကြခြင်းဖြစ်

ပါသည်။ထို့ကြောင့်ကျွမ်းကျင်သောသမိုင်းပညာရှင်တိုင်းက၊ ကျမ်းစာအုပ်ကြီးသည်ကာလအကြာဆုံးနှင့် ယုံကြည်အားထားလောက်သည့်ရှေးသမိုင်းပါဝင်သောမှတ်တမ်းတင်စာအုပ်ကြီးဖြစ်ကြောင်း မှတ်ချက်ချပြောဆိုနိုင်ခြင်းဖြစ်ပါသည်။ ကျမ်းစာအုပ်ကြီး၌ဖော်ပြသည့် အကြောင်းအရာများသည်၊ ကုန်လွန်ခဲ့ပြီးသော အချိန်ကာလများတုန်းက အမှန်တကယ်ဖြစ်ပျက်ခဲ့ပြီးသောအကြောင်းအရာများ၊ လူတွေ၏ အကြောင်းအရာများ၊ ဖြစ်ပျက်ခဲ့ရာ နေရာဒေသများကိုတိကျစွာဖော်ပြနိုင်သောကြောင့်၊ မည်သည့်ခေတ်ကာလအချိန်၌မဆို မငြင်းနိုင်သော၊ မရိုးနိုင်သော အမှန်တရားများသာပါဝင်ပါသည်။ ကမ္ဘာပေါ်ရှိရှိသမျှသော အခြားစာအုပ်များနှင့်မနှိုင်းအပ်သော စာအုပ်ကြီးလည်းဖြစ်ပါသည်။ အကြောင်းမူကား၊ သမ္မာကျမ်းစာအုပ်၏ ရှေးကာလများတုန်းက ဖြစ်ပျက်ခဲ့ပြီးသောအဖြစ်အပျက်အကြောင်းအရာများအားဖြင့် ယခုခေတ်အကြောင်းပါဖြေရှင်းရာတွင် အထောက်အကူပေးနိုင်သောကြောင့် ဖြစ်ပါသည်။

လူ့ယဉ်ကျေးမှုသမိုင်းတလျှောက်လုံးအပေါ် သမ္မာကျမ်းစာ၏ လွှမ်းမိုးလာခဲ့ပုံသည်လည်း အရှိန်အဟုန်အလွန်တရာ ကြီးမားနေခဲ့ပါသည်။ ဂျူးဘာသာနှင့်ခရစ်ယာန်ဘာသာကြီးခေါ် ကမ္ဘာ့ဘာသာကြီးနှစ်ရပ်အတွက်ပြဋ္ဌာန်းစာအုပ်ကြီးအဖြစ် အသုံးပြုလာခဲ့ကြရာတွင် သမ္မာကျမ်းစာတော်မြတ်သည် လူ့သိက္ခာကျင့်ဝတ်ဆိုင်ရာ အရင်းအမြစ်ကြီးဖြစ်လာခဲ့ပြီး၊ ရာစုနှစ်ပေါင်းများစွာတလျှောက်လုံး၌အလင်းတရားပေးလာခဲ့သောစာအုပ်ကြီးဖြစ်ပါသည်။

ကမ္ဘာ့လူမျိုးအသီးသီး၏ဘာသာစကားပေါင်း (၁၅၀၀) ကျော်အထိ သမ္မာကျမ်းစာအုပ်ကို ဘာသာပြန်ပုံနှိပ်ထုတ်ဝေလာခဲ့ပြီးဖြစ်ပါသည်။ မျက်မမြင်စာလက်ရေးတို့များဖြင့် ရေးသားထုတ်ဝေခြင်းလည်းရှိခဲ့ပြီး ယခုအခါနောက်ဆုံးပေါ်ပုံနှိပ်ပညာ ကွန်ပြူတာစက်များ၌ပင် အလွယ်တကူဖတ်ရှုနိုင်အောင်ရေးသားကူးယူနေကြပြီးဖြစ်ပါသည်။ ယနေ့ခေတ်ကြီးသည် ကျိုးကြောင်း



ဆင်ခြင်ပြောဆိုရသောခေတ်နှင့် ရုပ်ပိုင်းဝတ္ထုပစ္စည်းများခေတ်စားနေသောခေတ်ကာလဖြစ်လေရာ၊ ဤကဲ့သို့သောခေတ်ကာလမျိုး၌၊ ရှေးဟောင်းယဉ်ကျေးမှု (ပစ္စည်း၊ စာပေများ) အပေါ် မလေးမစားဂရုမစိုက်မှုများသည် ခေတ်မှီသောဖက်ရှင်စတိုင်တစ်မျိုးကဲ့သို့ ဖြစ်နေပါသည်။ ဤကဲ့သို့သော အနေအထားမှာလည်း၊ သမ္မာကျမ်းစာအုပ်ကြီးသည် ပန်းပန်လျက်၊ သူ့ကိုသူပုံစံမပျက်ထိန်းသိမ်းထားနိုင်ဆဲဖြစ်ပါသည်။ ကမ္ဘာ့စာပေလောကကြီးများ၏ အလယ်တွင်၊ သမ္မာကျမ်းစာအုပ်သည်ထိပ်ဆုံးကပြေးနေဆဲဖြစ်ပြီး ကမ္ဘာ့လူသားများ၏ဂရုတစိုက်ဖတ်ရှုခြင်း၊ အလေးထားသင်ယူခြင်းနှင့် လေးစားမှုအခံရဆုံးသောစာအုပ်ကြီးဖြစ်နေပါသည်။

## <u>လုပ်ငန်းကြီးဖြစ်နေသောသမ္မာကျမ်းစာအုပ်</u> (Big Business)

သမ္မာကျမ်းစာသည် လုပ်ငန်းကြီးကြီးလည်းဖြစ်နေပါသည်။ ကမ္ဘာ့စာအုပ်များဈေးကွက်ထဲ၌၊ ကျမ်းစာအုပ်ကြီးကိုအပြိုင်အဆိုင်ရောင်းနိုင်ရန်ကြိုးပမ်းနေကြသောကျမ်းစာထုတ်ဝေဖြန့်ချိသူတိုင်းကိုမေးကြည့်ပါ။ ပြီးခဲ့သောနှစ် (၄၀) အတွင်းမှာပင် အင်္ဂလိပ်ဘာသာပြန် (၈)မျိုးဖြင့်ထုတ်ဝေသော သမ္မာကျမ်းစာအုပ်ပေါင်း သန်း (၁၀၀) ကျော်ရောင်းချနိုင်ခဲ့ကြပါသည်။ ထိုအထဲမှာ ၁၉၇၆ ခုနှစ်ထွက်သတင်းကောင်းကျမ်းစာအုပ် (Good News Bible) တစ်မျိုးတည်းကိုပင် တကမ္ဘာလုံး၌အုပ်ရေပေါင်း (၇)သန်းကျော် ရောင်းချနိုင်ခဲ့ပါသည်။ (၁၉၇၀) ခုနှစ်ထွက်လက်သစ်အင်္ဂလိပ်ကျမ်းစာအုပ် (The New English Bible) သည်လည်း အုပ်ရေ (၁၀)သန်းကျော်ရောင်းနိုင်ခဲ့ကြပါသည်။ ထို့ကြောင့် (၁၉၇၁) ခုနှစ်အချိန်မှစ၍ အုပ်ရေပေါင်း (၂၃) သန်းရောင်းချခဲ့ကြပါသည်။ (၁၉၇၉) ခုနှစ်ကျမှထုတ်ဝေနိုင်သော NIV - (New International Version) သည်၊ ထိုနှစ်တွင်း၌ပင် အုပ်ရေပေါင်း (၁) သန်းကျော်ရောင်းချခဲ့ရသောကြောင့် ထိပ်ဆုံးက

အားကိုသောစိတ်ထားဝင်လာပြီး၊ ဘုရားရှင်ကိုထည့်စဉ်းစားခြင်းမရှိနိုင်တော့ချေ။ ထို့အတူပင်ဘဝတူအခြားလူသားများကိုပင် အလေးမထားဂရုမစိုက်ဖြစ်သွား၏။ ဘုရားရှင်ကိုအရေးမစိုက်သောအခါအဆုံး၌ ဘုရားရှင်၏ နှုတ်ကပတ်တော်ကိုလည်းပေးမဖတ်တော့ချေ။

ဝမ်းနည်းဖွယ်အကောင်းဆုံးမှာ ကျမ်းစာအခြေပြုသောဝတ်ပြုကိုးကွယ်ခြင်းနှင့် လူ့ကျင့်ဝတ်သိက္ခာများကိုသွေပယ်သော ခရစ်ယာန်ဘာသာကို လူတွေကအထင်ကြီးလက်ခံလာအောင်၊ အားပါးတရကြိုးစား လုပ်ကိုင်လှုပ်ရှားမှုပင်ဖြစ်ပါသည်။ ထိုကဲ့သို့လှုပ်ရှားသူများက သမ္မာကျမ်းစာ၏အံ့ဖွယ်ကောင်းသောအဖြစ်အပျက်များကို ဖယ်ရှားခြင်းပြုလာကြ၏။ သူတို့စိတ်ထဲ၌ ဤကဲ့သို့သောအဆင်ပြေစေသည့်ဘာသာရေး အသစ်အဆန်းသည် ခေတ်ပေါ် သိပ္ပံပညာဆိုင်ရာအယူအဆကို အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်နေကြ၏။ ထိုသိပ္ပံပညာဆိုင်ရာအယူအဆမှာ၊ ကျမ်းစာထဲ၌ မည်သို့ပင်ရေးရေး၊ မည်သည့်အကြောင်းပါပါ "အံ့ဖွယ်အမှု" ဆိုသည်မှာ ဤအတိုင်း အလွယ်တကူ မဖြစ်နိုင် - ဟူသောယုံကြည်ခြင်းပင်ဖြစ်ပါသည်။

## ခေတ်ပေါ်သံသယ (Modern Scepticism)

အထက်ပါလူကြိုက်များသည့် ထင်မြင်ချက်များဆောင်ယူကာ ကျမ်းစာပေါ်ထားရှိသည့်သဘောထားသည် ဝမ်းနည်းဖွယ်ရာဖြစ်ရပ်တစ်ခုဖြစ်ပါသည်။ သို့သော်၊ ဤကဲ့သို့ဖြစ်လာမည်ကို နှစ်ပေါင်း (၂၀၀၀)ကြာလာတည်းကစ၍၊ သမ္မာကျမ်းစာကိုယ်တိုင်က ကြိုတင်သိမြင်ဟောဆိုထားခဲ့ကြောင်းသည်လည်း မှတ်သားထားရမည်မဟုတ်လား။ ရှင်ပေါလုက တိမောသေသိထံ ဤသို့ဆုံးမခဲ့ပါသည်။"နောင်ကာလ၌ လူတို့သည်စင်ကြယ်သောဩဝါဒကို နားမခံနိုင်ဘဲ၊ ယားတတ်သောနားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်းများပြားသောဆရာတို့



သမ္မာကျမ်းစာအုပ်ကို လက်ဆောင်ပေးရင်း နန်းတက်ပွဲဆိုင်ရာကျမ်းကျိန်ခြင်း ပြုလုပ်လာခဲ့ကြကြောင်းကိုမူ သိသူနည်းပါးပါသည်။

ကျမ်းကျိန်ရာ၌သုံးသောစကားလုံးများမှာ "အရှင်မင်းမြတ်၏ဘဝတစ်သက်တာလုံး၌ ခရစ်ယာန်ဘာသာဝင်လူမျိုးအစိုးရ၏ ရှင်ဘုရင်ဖြစ်တော်မူကြောင်းအစဉ်သတိပြုနိုင်ရန်အတွက် ဤကမ္ဘာကြီးကပေးသောအရာများအနက်တန်ဖိုးအရှိဆုံးဖြစ်သော ထာဝရဘုရားကိုယ်တော်မြတ်၏ ပညတ်တော်တရားနှင့်သတင်းကောင်းတရားတော်များပါဝင်သော ဤသမ္မာကျမ်းစာအုပ်အားဖြင့်အရှင်၏နန်းတက်ပွဲကိုဂုဏ်ပြုလက်ဆောင် ပေးအပ်ပါသည်။ ဤစာအုပ်ထဲ၌ပညာတရားအကုန်ပါရှိပြီး မင်းမျိုးမင်းနွယ်ဆိုင်ရာ တရားဥပဒေသများလည်းဖြစ်ပါသည်။ ဤအကြောင်းအရာများသည် ထာဝရဘုရားသခင်၏သက်ဝင်လှုပ်ရှားသော အဆင်းတန်ဆာအဆောင်အယောင်များ ဖြစ်ကြကုန်၏" ဟူ၍ပါရှိပါသည်။

နန်းတက်ပွဲအခမ်းအနားတစ်ခုလုံး၌ သမ္မာကျမ်းစာသည် ထူးခြားသောစာအုပ်သန့်ရှင်းစင်ကြယ်သောစာအုပ်နှင့် လူသားတို့ရေးသားပြုစုသော သာမန်စာအုပ်မျိုးမဟုတ်ကြောင်းဖြင့် အသိအမှတ်ပြုခြင်းရှိကြောင်းသိရှိနိုင်ပါသည်။ ကျမ်းစာအုပ်သည် မည်သည့်လူသားထက်မဆိုအခွင့်အာဏာရှိကြောင်း အသိအမှတ်ပြုခြင်းလည်းဖြစ်ပါသည်။ ထို့ပြင်တိုင်းပြည်တခု၏တရားဥပဒေနှင့် နန်းတက်သရဖူထက်ပင်အခွင့်အာဏာရှိသောစာအုပ်ဖြစ်ကြောင်း အသိအမှတ်ပြုခြင်းလည်းဖြစ်ပါသည်။ သမ္မာကျမ်းစာပါထာဝရဘုရား၏ ပညတ်တော်အမိန့်တရားများကိုအခြေခံခရစ်ယာန်ဘာသာဝင် နိုင်ငံတိုင်းရှိအုပ်ချုပ်သူများနှင့် အိမ်ထောင်စုတိုင်းက အမှန်တကယ်လိုက်နာကျင့်သုံးမှသာ ဤကမ္ဘာကြီးသည်လည်းတမူထူးခြားသော နေရာဖြစ်သွားပါမည်။ အထက်ကကောက်နှုတ်ချက်ပါ နန်းတက်ပွဲစကားလုံးများကို ကျွန်ုပ်တို့လူသားများက ကျွန်ုပ်တို့ဘဝအသက်၏

အလယ်ဗဟို၌နေရာပေးတတ်ကြပါမှ အထက်ပါစကားလုံးများလည်း ရုပ်လုံးပေါ်လာမှာဖြစ်ပါသည်။

## <u>ဖတ်ရှုခြင်းမရှိသော  အရောင်းရဆုံးစာအုပ်ဖြစ်နေခြင်း</u>

## Unread Bestseller

အရောင်းရအထွက်ဆုံးသော စာအုပ်ကြီးဖြစ်သော်လည်း၊ သမ္မာစာအုပ်သည်သာမန်အားဖြင့် အဖတ်နည်းသော စာအုပ်ဖြစ်သည်ဟုဆိုလျှင် ခေတ်မှီဤကမ္ဘာအတွက် အမှန်ဆုံးဝေဖန်ချက်ဖြစ်နိုင်ပါသည်။ "ဆာ ဖရက်ဒရစ်ကဲင်ဇွန်" ဆိုသော ပုဂ္ဂိုလ်က ရီဖေါ်မေးရှင်းခေတ်မှယနေ့သာသနာပြုသောခေတ်အထိ၊ အင်္ဂလိပ်ဘာသာစကား ပြောတတ်သူများက သမ္မာကျမ်းစာမည်မျှဖတ်နေရကြောင်းမှတ်တမ်းတင်ခဲ့ပါသည်။ ကျမ်းစာဖတ်ခြင်း၌ ပေါ့ဆလာရခြင်း အကျိုးဆက်သည်ကိုယ်ကျင့်သိက္ခာပိုင်းနှင့် ယဉ်ကျေးမှုထုံးထမ်းစဉ်လာကဏ္ဍများ၌ ပျက်စီးယိုယွင်းလာခြင်း ဖြစ်ပါသည်။ သို့သော်ကျမ်းစာအုပ်ကို လူတွေက ဝယ်သာဝယ်ကြပြီးအဘယ့်ကြောင့် မဖတ်ကြပါနည်း။ ဤအဖြစ်ကြီး ကိုမည်သို့ဖြေရှင်းကိုင်တွယ်ရမည်နည်း။

ကျမ်းစာမဖတ်ဘဲပစ်ထားခြင်းနှင့် ပတ်သက်၍အကြောင်းများစွာရှိပါသည်။ သို့သော်အချက်ကြီး (၃)ချက်သာတင်ပြပါမည်။ လွဲမှားသောခေတ်ပေါ်အတွေးအခေါ်များကြောင့်၄င်း၊ သိပ္ပံနည်းပညာနှင့်ဆိုင်သော အသုံးအဆောင်ပစ္စည်းကရိယာများပေါ်ထွက်လာခြင်းကြောင့်၄င်း၊ ဘာသာတရားနှင့်ပတ်သက်သောအံ့ဖွယ်အမှုများကို ဖယ်ရှားလိုသောစိတ်ထားကြောင့်၄င်း၊ လူတွေက ကျမ်းစာကိုအဖတ်နည်းလာကြခြင်းဖြစ်ပါသည်။ ကျိုးကြောင်းဆင်ခြင်စဉ်းစားရင်းဖြစ်ပေါ်လာခဲ့သောဝေဖန်မှုသည်လည်း၊ ကျမ်းစာကိုတိုက်ခိုက်ရာတွင် လွန်ခဲ့သော အနှစ် (၁၀၀) ကျော်ကတည်းက၊ သမ္မာကျမ်းစာကိုတန်ဖိုးမထားနိုင်လောက်အောင် လူတွေ၏သဘောထားအယူအဆများကို အဟန့်အတား



အနှောင့်အယှက်ပေးနိုင်ခဲ့ပါသည်။ သမ္မာကျမ်းစာအုပ်ပါအကြောင်း အရာများသည်မှားယွင်းစွာရေးသားဖေါ်ပြမှုရှိကြောင်းဖြင့်ထင်မြင်လာကြပြီး အမှားနှင့်မကင်းကြသော လူသားများကပင် ကျမ်းစာကိုရေးသားခဲ့ကြသောကြောင့်၊ ကျမ်းစာထဲရှိအကြောင်းအရာများသည်လည်း တစ်ခုနှင့်တစ်ခုဆန့်ကျင် နေကြသည်- ဟုဝေဖန်လာကြ၏။ ဤစကားများသည်ယခုလူတွေ ခံယူရရှိသောဉာဏ်ပညာမျိုးဖြစ်လာပြီး၊ ခေတ်ပေါ်ယုံကြည်သူများကပင်လျှင်၊ မှန်သလားမှားသလား ဟူသောကျမ်းစာအတိုင်းစစ်ဆေးအဖြေရှာနည်းကို ပြုလုပ်သူနည်းပါးလျက်ရှိပါသည်။ ဝမ်းနည်းဖွယ်ကောင်းလှပါတကား။ အမှန်ဆိုလျှင် ကျမ်းစာနားလည်ကျွမ်းကျင်သူနှင့်အများ၏ကျမ်းစာအပေါ် သဘောထားယူဆပုံနှစ်ခုစလုံးမှားပါသည်- ဟုမည်သူကမျှပြော၍မရပါ။ တစ်ခုသည် မှန်ပြီး၊ တစ်ခုသည်မှားမည်သာဖြစ်ပါသတည်း။

## <u>ရုပ်ဝါဒီများခေတ်</u> (An Age of Materialism)

အမှန်ဆိုလျှင် ကျမ်းစာအပေါ်အများ၏သာမန်ယူဆပြောဆိုချက်အပေါ်ယုံကြည်အားထားခြင်းသည် အလွန်အန္တရာယ်ကြီးပါသည်။ ထို့ပြင်ဤကဲ့သို့သောအယူအဆသည် ဘုရားတရားမသိသူများ၊ သိပ္ပံပညာအားဖြင့် ထုတ်လုပ်လာသောရုပ်ပစ္စည်းများအပေါ်အထင်ကြီးမှီခိုသူများ၏အယူအဆအပြောအဆိုသာဖြစ်ပါသည်။ ပထမအချက်က ယခုခေတ်သည်သိပ္ပံကျွမ်းကျင်သူများ၏ခေတ်ထဲတွင် နေထိုင်သွားလာလှုပ်ရှားနေကြပါသည်။ ထိုသူများ၏သဘောထားအယူအဆများကိုမေးခွန်းထုတ်တတ်သူနှင့် ဆင်ခြင်သူမရှိသလောက် ရှားပါးလှ၏။ ဒုတိယအချက်မှာ ရုပ်ပစ္စည်းဝါဒခေတ်၌ရောက်ရှိနေထိုင်ခြင်းဖြစ်ပါသည်။ လူတွေထုတ်လုပ်သောရုပ်ပစ္စည်းများကိုအသုံးပြုကြရင်းအားရကျေနပ်နှစ်သိမ့်ရောင့်ရဲမှုရရှိသည်။ ထိုရုပ်ပစ္စည်းများကိုပိုင်ဆိုင်သောအခါ သူ့ကိုသူအထင်ကြီး

တရားကိုလူသားများထံတင်ပြရာတွင် သမ္မာကျမ်းစာ၏အစဖြစ်သော ကမ္ဘာဦးကျမ်းအဆုံးဖြစ်သည့် ဗျာဒိတ်တော်ကျမ်းအထိ ပါဝင်သောအကြောင်းအရာသည်သတင်းကောင်းတရားတော် တစ်မျိုးတည်းသာ ဖြစ်နေပါသည်။ ဧဒင်ဥယျာဉ်သည်၊ ရှင်ယောဟန်၏ ရူပါရုံ၌ဖြစ်ပေါ်လာသော ကောင်းကင်ယေရုရှလင်မြို့ကြီး၊ မြေကြီးပေါ်သို့ ဆင်းသက်လာသည်ဆိုသောရေးသားတင်ပြချက် အစအဆုံးသည် ရှိခဲ့ပြီးသော ထာဝရဘုရားရှင်၏မဟာအကြံအစည်တော်ကြီးလုံးဝပြောင်းလဲမှုမရှိကြောင်း ဖေါ်ပြနေခြင်းသာဖြစ်ပါ၏။ ထာဝရဘုရား၏ မဟာဘုန်းတန်ခိုးတော်ထင်ရှားခြင်းအတွက် လူသားများကိုအပြစ်ထဲမှကယ်တင်ခြင်းအကြောင်းသာဖြစ်ပါသည်။ ဤရွှေအပ်ချည်ကြိုးပုံစံဖြစ်သောအကြောင်းအရာကြီးသည်လည်း အခြားသောအခြေခံအကြောင်းအရာများပေါင်းစည်းသီကုံးပြီး သမ္မာကျမ်းစာအုပ်ဟူသောအတွဲကြီးဖြစ်ပေါ် လာပါသည်။ အနိစ္စတရားမလွန်ဆန်နိုင်သောလူသားများနှင့် သူတို့၏ အပြစ်ဒုစရိုက်များ၊ ကယ်တင်ရှင်ကြီး ပေါ်ထွန်းလာမည့်အကြောင်း၊ ယဇ်ပူဇော်ခြင်းနှင့် ယုံကြည်ခြင်းတရားအကြောင်း၊ ဘုရားရှင်၏ အကြံတော် ထဲရှိ ဘုရားရှင် ရွေးကောက်သောအစ္စရေးလ်(ဣသရေလ) လူမျိုးတို့၏ အခန်း ကဏ္ဍနှင့် ပေါ်ထွန်းလာတော့မည့်ထာဝရဘုရား၏ နိုင်ငံတော် အကြောင်း. . . အစရှိသည်များအပြင်၊ အခြားများမြောင်လှသည့် အကြောင်းအရာများသည်လည်း ဤဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းတော်ကြီးထဲသို့ စီးဝင်ရောပါလာပြီး၊ တစ်ခုတည်းသော အကြံအစည်နှင့်အစီအစဉ်အောက်၌ အတူတကွချုပ်လုပ်ထားလျက်ရှိသော ကျမ်းစာဖြစ်ပါသည်။

သမ္မာကျမ်းစာ ကိုယ်တိုင်ကပင်၊ သမ္မာကျမ်းစာသည် ဘုရားရှင်၏မဟာစာအုပ်ကြီး ဖြစ်ကြောင်း သူ့ကိုသူ တင်ပြလျက်ရှိပါသည်။ ဦးတည်ချက်များ၊ ဝါကျသည်ဆောက်ပုံများ၊ ရည်ရွယ်ချက် အကြောင်းများနှင့် လမ်းကြောင်းများ



နောက်သို့လိုက်ကြလိမ့်မည်။ သမ္မာတရားကိုနားမထောင်ဘဲ၊ ဒဏ္ဍာရီစကားကိုနားထောင်၍ လွဲသွားကြလိမ့်မည်”(၂တိ ၄း၃-၄)။ သံသရာလည်နေသောကမ္ဘာကြီးဖြစ်နေပါပြီ။ အကြောင်းမူကား၊ သမ္မာကျမ်းစာကို လူများကမဖတ် တော့သောကြောင့်မည်သည့်အကြောင်းအရာတွေပါဝင်ကြောင်းကို အဘယ်သို့သိနားလည် ကြမည်နည်း။ အမှန်တရားဟုတ်မဟုတ်ကို မည်သို့သိရှိနိုင်မည်နည်း။ သမ္မာကျမ်းစာ၏ စစ်မှန်ကောင်းမွန်သော တန်ဖိုးကိုခန့်မှန်း သိရှိနိုင်အောင်သမ္မာကျမ်းစာကိုအခြားစာအုပ်နည်းတူ ဖတ်ရှုရပါမည်။ သမ္မာကျမ်းစာပါယုံကြည်ခြင်းတရားအကြောင်းနှင့် သမ္မာကျမ်းစာကို မှုတ်သွင်းပေးတော်မူခဲ့သူထာဝရဘုရားနှင့်ပြန်လည်ဆက်သွယ်ရှင်သန်လိုပါက ဤအတိုင်းသံသရာလည်ခြင်းကို ရိုက်ချိုးဖျက်ဆီးပစ်ရပါမည်။

## ၁။ ဘုရားသခင်၏စာကြည့်တိုက်ကြီးဖြစ်သော သမ္မာကျမ်းစာအုပ်

### A "Divine Library"

ဤသို့ဆိုလျှင်အရောင်းရသွက်သလောက် ဖတ်ရှုရခြင်း နည်းပါးလှသောဤစာအုပ်ကား မည်ကဲ့သို့သောစာအုပ်နည်း။ အစလှန်ပါက ထိုစာအုပ်ကြီးသည်စာအုပ်များကို စုဆောင်းပေါင်းစည်းထားသော စာအုပ်ကြီးဖြစ်ပါသည်။ စာအုပ်ပေါင်း (၆၆)အတိအကျပါဝင်ပြီး ပြီးခဲ့သည့် ရာစုနှစ်ပေါင်းများစွာ အချိန်ကာလတုန်းက ပုဂ္ဂိုလ်ပေါင်း (၄၀)ကရေးသားမှတ်တမ်းတင်ခဲ့သော စာအုပ်ကြီးဖြစ်ပါ၏။ စာရေးသူ (၄၀)သည် အယောက်တိုင်း ကွဲပြားခြားနားစွာနေထိုင်အသက်ရှင်သူများဖြစ်ကြပါသည်။ ယနေ့ကာလအသုံးပြုသော စာအုပ်ကြီးဖြစ်မြောက်ရန်အတွက် အဆိုပါစာရေးသူတို့၏ စာအုပ်များကို တဖြည်းဖြည်းချင်းစုဆောင်းလာခဲ့ကြပါသည်။ ကျမ်းစာပါအကြောင်းအရာများနှင့် စကားလုံးအသုံးအနှုံးများကိုအများ၏ သဘောတူညီချက်ရယူပြီးနောက်ယခုကျွန်ုပ်တို့၏ခေတ်ဦး

ပိုင်းဖြစ်ခဲ့သော အေ-ဒီ(၄)ရာစုနှစ်၌ ယခုမြင်တွေ့ရသည့် ကျမ်းစာအုပ်ကြီးအဖြစ် အသိအမှတ်ပြုလာခဲ့ကြ၏။ မူလကျမ်းပြုစုသူ စာရေးဆရာသည် ထာဝရဘုရားသာဖြစ်တော်မူသောကြောင့် သမ္မာကျမ်းစာထဲပါရှိသမျှသည် ထာဝရဘုရားမှုတ်သွင်းတော်မူသော အရာများသာဖြစ်ကြောင်း ရှေ့မှာဖော်ပြသွားပါမည်။ သို့သော်ရေးသားပုံသည် ကွဲပြားခြားနားမှုများရှိရာ ထိုကဲ့သို့ရေးသားရခြင်းအကြောင်းရင်းသည် ခေတ်အဆက်ဆက်တိုင်းအတွက်ဖြစ်ပြီး ခေတ်အဆက်ဆက်ရှိကွဲပြားခြားနားခြင်းရှိသော လူအမျိုးမျိုး (ပေါင်းစုံ)အတွက် အသင့်တော်ဆုံးနည်းဖြင့်တင်ပြဟောပြောနိုင်ရန် ထာဝရဘုရားကိုယ်တော်မြတ်ကပင်နည်းလမ်းပြုလုပ်တော်မူခြင်းဖြစ်ပါသည်။ "ရှေးလွန်လေပြီးသောအခါ ပရောဖတ်များအားဖြင့် ဘိုးဘေးတို့အားအထပ်ထပ်အနည်းနည်းဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည်၊ ဤနောက်ဆုံးသောကာလအခါ မိမိသားတော်အားဖြင့် ငါတို့အားဗျာဒိတ်တော်ပေးတော်မူပြီ။ ထိုသားတော်ကို အလုံးစုံတို့၏ အမွေသခင်အရာ၌ခန့်ထားတော်မူပြီ" (ဟေဗြဲ ၁း၁)။

ဂျေရုမ်း(Jerome) ဆိုသူက သမ္မာကျမ်းစာအုပ်ကြီးသည် ဘုရားရှင်၏စာကြည့်တိုက်ကြီးဖြစ်ကြောင်းကို ပထမဦးဆုံးပြောဆိုခဲ့ပါသည်။ ထို့သို့ဖြင့် မြောက်များလှစွာသော အခန်းကြီး/ငယ်တိုင်းအကြောင်းအရာများသည် ထာဝရဘုရားရှင်မှရသော အရင်းအမြစ်များသာဖြစ်ကုန်ကြကြောင်း အသိအမှတ်ပြုနိုင်ပါသည်။ အော်ရီဂျင် (Origen) ဆိုသူကလည်း သမ္မာကျမ်းစာထဲ၌ အကြောင်းအရာမျိုးစုံ ရေးသားထားခြင်းရှိသော်လည်း စာအုပ်ကြီးတစ်အုပ်သာဖြစ်ကြောင်းဖြင့်မှတ်ချက်ချခဲ့ပါသည်။ ရေးသားသမျှသည် ဘုရားရှင်ဝိညာဉ်တော်မှုတ်သွင်းသောအရာများဖြစ်ကြကုန်သောကြောင့် ပရောဖက်များဟောကြားစကားနှင့် ပညတ်တရားစကားအလုံးစုံသည် ထာဝရဘုရားရှင်တော်ထံမှသာရရှိခြင်းဖြစ်သောကြောင့် လူ့အတွေးအခေါ်လုံးဝမပါဟု မှတ်ချက်ချခဲ့ပါသည်။



ကျမ်းစာအုပ်ကြီးပါ စာအုပ်တိုင်းကလည်း ကနဦးအသင်းတော်လူကြီးများမှတ်ချက်အတိုင်း တစ်အုပ်စီတစ်အုပ်စီသည် ထာဝရဘုရား၏အရင်းအမြစ်မှုတ်သွင်းတော်မူသော အကြောင်းအရာနှင့် စကားလုံးများဖြစ်ကြောင်းဝန်ခံဖော်ပြကြကုန်၏။

ထို့ကြောင့်ဘုရားသခင်မှုတ်သွင်းတော်မူသော အဆိုပါစာအုပ်ကြီးငယ်ပေါင်းစုံတို့သည် အတွင်းကျကျဘုရားရှင်၏ တရားတော်အဖြစ် သီးခြားစီထားပြီးစုပေါင်းချုပ်လုပ်သောအခါ သမ္မာကျမ်းစာအုပ်ကြီးအဖြစ် ပေါ်ပေါက်တည်ရှိလာပါသည်။ အားလုံးစုပေါင်းခြုံ၍ ပြောဆိုလျှင် ဂရိဘာသာစကား ဘီဘလီယာ (Biblia) သည်။ စာအုပ်များဟု အဓိပ္ပါယ်ပေါက်သော်လည်း လာတင်ဘာသာသို့ပြန်ဆိုခဲ့ရာမှာမူ စာအုပ်ကြီး၏အမည်ကို ထိုနည်းအတိုင်း သမ္မာကျမ်းစာအုပ် (Bible) ဟုခေါ်ဆိုကြ၏။ အထဲရှိအကြောင်းအရာအားလုံး၏ ရည်ရွယ်ချက်သည်တူညီသောကြောင့် စာအုပ်ကြီးတစ်အုပ်ဟူ၍သတ်မှတ်ရင်း အင်္ဂလိပ်ဘာသာစကားမှာလည်း စာအုပ်ကြီး (Bible) ဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် ဂျေရုမ်း (Jerome) ပေးခဲ့သော "ထာဝရဘုရား၏စာကြည့်တိုက်" သည်တူညီသောဘုရားရှင်၏နှုတ်ကပတ်တရားတော်အဖြစ် အသိအမှတ်ပြုလာခဲ့ကြပါသည်။

## ရွှေအပ်ချည်ကြိုး (The Golden Thread)

သမ္မာကျမ်းမြတ်ပါ တူညီသော အကြောင်းအရာသည်၊ ရှေးဟောင်းစာပေများကို သားရေပြားကြီးနှစ်ခုကြား၌ထည့်ချုပ်ထားခြင်းကြောင့်မဟုတ်ပါ။ တခါဖတ်မိပြီဆိုလျှင်ပင်ဤစာအုပ်သည်အကြောင်းအရာတစ်ခုတည်းပေါ်မူတည်ရေးသားခြင်းဖြစ်ပြီး အဓိကရည်မှန်းချက်သည်လည်း တူညီခြင်းရှိကြကြောင်း ထင်ရှားစွာပေါ်လာပါသည်။ ဘုရားရှင်၏ကမ္ဘာကြီးနှင့်ဆိုင်သော ကယ်တင်ခြင်း

နှင့်ပြောဆိုဆက်သွယ်နေသည်ကို တိကျစွာသဘောပေါက်နားလည်ပါက အံ့သြဖွယ်ရာကောင်းသော ဘဝကြောင့်ဖြစ်ပါသည်။ အခြားသော အံ့ဖွယ်အရာများအတိုင်း၊ ဗျာဒိတ်တော်သည်လည်း ထာဝရဘုရား၏ ဘုန်းတန်ခိုးတော် (သို့မဟုတ်) သူ၏ဝိညာဉ်တော်ပါဝင် လုပ်ဆောင်မှုဖြစ်ပါသည်။ သာမန်အဖြစ်အပျက်နှင့် ဖြစ်ပေါ်လာခြင်းမဟုတ်ပါ။ အံ့ဖွယ်အမှုများသည် ထာဝရဘုရားပါဝင်လုပ်ဆောင်ခြင်းသာဖြစ်ကြောင်းကို သမ္မာကျမ်းစာကပင်ထောက်ခံဖော်ပြလျက်ရှိပါသည်။ အံ့ဖွယ်လုပ်ပြသူများက သူတို့သည်ထာဝရဘုရား၏ အသုံးတော်ခံကိရိယာတန်ဆာများသာ ဖြစ်ကြောင်း၊ သူတို့၏ စာအုပ်ထဲ၌ အမြဲတမ်းသတိပေးပြောကြားလာခဲ့ကြပါသည်။ သူတို့သည် ဤအမှန်တရား၏မူရင်းမဟုတ်ကြကြောင်းဝန်ခံရေးသား လာခဲ့ကြပါသည် - "ဘုရားသခင်သန့်ရှင်းသော သူတို့သည်သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏" - ဟု ရှင်ပေတရုကရှင်းပြခဲ့ပါသည် (၂ပေ-၁း၂၁)။ ထို့ပြင် သခင်ယေရှု ခရစ်တော် ကိုယ်တိုင်သည်လည်း၊ နှုတ်ကပတ်တော်အဖြစ် တည်ရှိရာမှလူ့ဘဝခံယူခဲ့ သူဖြစ်ကြောင်းနှင့်၊ သူ့ကိုယ်တိုင်သည် အံ့ဖွယ်အမှုတော်အတွက် ထာဝရဘုရား ၏အသုံးတော်ခံသူဖြစ်ကြောင်း ဤသို့ ဟောကြားဝန်ခံသွားခဲ့ပါသည် - "ငါသည် ကိုယ်အလိုအလျောက် ဟောသည်မဟုတ်၊ ငါ့ကိုစေလွှတ်မူသော ခမည်းတော်သည်အဘယ်သို့ ငါဆုံးမဟောပြောရမည်ကို ပညတ်ပေးတော်မူပြီ" - (ယော - ၁၂း ၄၉)။

အံ့ဖွယ်အမှုများသည်၊ ဘုရားရှင်၏ တန်ခိုးတော်လှုံ့ဆော်မှုအားဖြင့်ဖြစ်ကြောင်း၊ သမ္မာကျမ်းစာ တလျှောက်လုံး၌ ဖော်ပြလျက်ရှိပါသည်။ အိပ်မက်များ၊ ရူပါရုံ ရရှိခြင်းများ၊ ပရောဖက် ပြုချက်များ၊ တမန်တော်တို့၏ အမှုတော်ဆောင်ခြင်းများ နှင့် ကောင်းကင်တမန်များ၏ပြောဆိုမှုများအားလုံး၌၊ နောက်ခံမှနေပြီး၊ လုပ်ဆောင်သူသည် ထာဝရဘုရား၏ဝိညာဉ်တော်သာလျှင် ဖြစ်ပါသည်။



သည် ဉာဏ်တော်အနန္တနှင့် ပြည့်စုံသော ဒီဇိုင်းဆရာတစ်ပါး၏အောက်၌ တူညီသော သဘောတရားနှင့် အတူ၊ တစ်ခုနှင့်တစ်ခု လိုက်လျောညီထွေစွာ ရှိနေကြသော တိုက်ဆိုင်မှုဟု ပြောဆိုခြင်းသည်၊ သမ္မာကျမ်းစာ၏ လှပတင့်တယ်ခြင်းနှင့် စွမ်းဆောင်ချက်ကို ရှင်းပြရန်အတွက် မလုံလောက်သော အရာသာဖြစ်ပါသည်။ အံ့ဖွယ်ကောင်းလှသော ကျမ်းစာပါ အကြောင်းအရာ ဒီဇိုင်းအလှပုံစံများသည် မတော်တဆဖြစ်ပျက်သော အကြောင်းအရာ မဟုတ်ပါ။ အနုကြည့်မှန်ဘီလူးဖြင့် ကြည့်ရှုစစ်ဆေးလျှင်လည်း ကျမ်းစာပါ လိုက်လျောညီထွေမှုများသည်ထာဝရဘုရား၏လုပ်ဆောင်ချက်ကို ထင်ရှားစေသော အထောက်အထားများသာဖြစ်နေကြ၏။ ခေတ်ဦးပိုင်း စာရေးဆရာများ၏ မှတ်ချက်အရ - စာရေးဆရာပေါင်း(၄၀) ကရေးသားတင်ပြသော အကြောင်းအရာများကို သမ္မာကျမ်းစာအဖြစ် ဖတ်ရှုနေကြပါပြီ။ ထိုစာရေးဆရာများသည် မတူညီသော ခေတ်များ၌ သက်ရှိထင်ရှားရှိသူများဖြစ်ကြပြီး၊ တိုင်ပင်မှုမရှိဘဲ၊ ဝိညာဉ်တော်တစ်ပါးတည်း၏ လုပ်ဆောင်ချက်များကို စာအုပ်အဖြစ် ထုတ်လုပ်ခဲ့ကြပါပြီ။ ကျမ်းစာအုပ်ကို ဝိညာဉ်တော်တစ်ပါး၊ သွန်သင်ခြင်းတစ်မျိုး၊ ပုံစံဒီဇိုင်းတစ်ခုတည်းဖြစ်ရင်း၊ ထူးခြားလှသော အခွင့်အာဏာ အစရှိသော အင်္ဂါရပ်များနှင့် စုံလင်လျက်ရှိပါသည်။ ထိုကဲ့သို့သောစာအုပ်ကြီးသည် စာပေအနုပညာ၏ အံ့ဖွယ်များ ဖြစ်နေကြ၏။ ထို့ကြောင့် သာမန်အကြောင်းခံ များအပေါ် ကျမ်းစာကြီးက တည်ရှိခြင်းဖြစ်သည်ဟု အကြောင်းပြရန် မဖြစ်နိုင်ချေ။

## အံ့ဖွယ်စုံလင်ဗျာဒိတ်ကျမ်းတော် (The Miracle of Revelation)

အကြောင်းအရာ တင်ပြချက်များ တူညီမှုရှိခြင်းကြောင့် ကျမ်းစာအုပ်ကြီးသည် စာပေအနုပညာ၏ အံ့ဖွယ်ဖြစ်သည် - ဟု ဆိုပါက၊ အမှန်တကယ်ဖြစ်ပျက်ခဲ့သော အံ့ဖွယ်အကြောင်းအရာများကို တန်ဖိုးချပစ်သည့် စကားလုံး

(ပြောဆိုချက်) ဖြစ်နိုင်ပါသည်။ အမှန်ဆိုလျှင် ကျမ်းစာနှင့် ဆိုင်သော ထူးခြားသည့် သဘာဝ လူသားများရှိနေခဲ့ကြောင်း သက်သေပြချက်လည်း ရှိနေပါသည်။ ပြီးပြည့်စုံလင်မှန်ကန်လာသော ပရောဖက်ပြုချက်များသည်လည်း သက်သေပြချက်ထဲ၌ ပါဝင်သောအချက်ကြီးများ ဖြစ်ကြပါသည်။ အကြောင်းမှာ လူသားများသည် ရှေ့ဖြစ်လာမည့်အရာများကို မှန်းဆတွေးခေါ်တတ်ကြသော်လည်း၊ သူတို့ဟောကိန်းထုတ်သည့်အတိုင်း အတိအကျ ပြီးပြည့်စုံလင်ခဲ့ခြင်းမရှိခဲ့ဖူးပါ။ ရှေ့ဖြစ်လာမည့် ဟောကိန်းထုတ်ခြင်းများသည် တကယ်ဖြစ်လာသော အရာများနှင့် အလှမ်းဝေးနေကြသည်သာ ဖြစ်ကုန်၏။ သို့သော် သမ္မာကျမ်းစာပါ ထာဝရဘုရားရှင်သည်၊ နှစ်ပေါင်း အလှမ်းဝေးကွာလှသော အချိန်များ၌ ဖြစ်ပျက်လာမည့် ကြိုတင်ဟောကိန်းထုတ်နိုင်စွမ်း ရှိတော်မူ၏။ ထာဝရဘုရား အမှန်တကယ် တည်ရှိကြောင်းနှင့် သူ့နှုတ်ကပတ် တရားတော်သည်လည်း ယုံကြည်ကိုးစားထိုက်သော တရားတော်များ ဖြစ်ကြောင်း သက်သေအထောက်အထားများစွာရှိနေပါသည်။ ပရောဖက်ဟေရှာယ အားဖြင့်ထာဝရဘုရားမိန့်တော်မူခဲ့သည်မှာ - “ ရှေ့ဖြစ်ပျက်လာမည့် အကြောင်း အရာများကို ငါကိုယ်တော်အားမေးလျှောက်ကြလော့။ အကြောင်းမူကား၊ ငါကိုယ်တော်သည် ထာဝရဘုရားဖြစ်ပြီး၊ ငါနှင့်တူသော မည်သည့်အခြား ဘုရားလည်း မရှိသည်နှင့်အညီ နောက်ဆုံးကာလအကြောင်းကိုအစမှ အဆုံးတိုင်ဟောကိန်းထုတ်နိုင်ပြီး၊ ရှေးမဆွကဖြစ်ပျက်ခြင်းမရှိခဲ့ဘူးသော အကြောင်းအရာများကိုပါ ဗျာဒိတ်ပေးနိုင်တော်မူသော ဘုရားဖြစ်သတည်း ဟူ၍ဖြစ်ပါသည် (ဟေရှာ - ၄၅ း ၁၁၊ ၄၆ း ၉း၁၁ အရ)။

သမ္မာကျမ်းစာကိုဝေဖန်တိုက်ခိုက်ရာ၌ ဝေဖန်သူများကပင် ခရစ်တော်မမွေးဖွားခင် နှစ်ပေါင်းထောင်နှင့်ချီ၍ ကြာသောအချိန်၌ ဓမ္မဟောင်းကျမ်းကြီးက ရေးပြီးသားတည်ရှိ နေပြီးဖြစ်ကြောင်းဝန်ခံခဲ့ကြ၏။ မောရှေ၏ကျမ်းစာအုပ်များ၊



ဆာလံကျမ်းပြုပညာရှင်များနှင့် ပရောဖက်ဆရာကြီးများ ရေးသားခဲ့သော စာအုပ်များထဲ၌ ယေရှုခရစ်တော်၏ အသက်တာဘဝနှင့် အမှုတော်ဆောင်ပုံများကို အသေးစိတ်ဖော်ပြနိုင်ခဲ့ကြပါသည်။ ဥပမာအားဖြင့် ကမ္ဘာဦးကျမ်း ၃း၁၅၊ ဆာလံ ၂၂ နှင့် ဟေရှာယ ၅၃ တို့ကို ဖတ်ကြည့်ပြီးနောက်၊ “ယေရှုခရစ်တော်အားသူတို့၏ ကယ်တင်ရှင်အဖြစ်မှ ငြင်းပယ်ခဲ့သူများဖြစ်ကြသည့် ဂျူးလူမျိုးတို့၏ သမ္မာကျမ်းစာထဲ၌ ထိုယေရှု အကြောင်းအရာများမည်သို့မည်ပုံပါလာနိုင်သနည်း”။ ဆိုသောအချက်ကို သဘောရိုးနှင့် ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ပါက အဖြစ်မှန်ကိုသင်ကိုယ်တိုင် မည်သို့မည်ပုံဖော်ထုတ်ပြောနိုင်ကြောင်းကို ထောက်ရှုပါ။ ထို့အတူ ဂျူးလူမျိုးတို့၏ ဆိုးဝါးသော ဘဝကံကြမ္မာအကြောင်းနှင့်ကမ္ဘာ့လူမျိုးတို့၏ နိုင်ငံရေးနှင့် ခေါင်းဆောင်မှုကံကြမ္မာ အကြောင်းအရာများသည်လည်း ထိုကဲ့သို့ဖြစ်ပျက်ခြင်း မရှိခင်ကတည်းက ကြိုတင်ဟောကိန်းရှိခဲ့ပြီး ဖြစ်ကြောင်းကို တရားဟောကျမ်း ၂၈၊ ယေဇကျေလ ၂၆ နှင့် ဒံယေလ ၂ ထဲ၌ ဖော်ပြခဲ့ပြီးဖြစ်ကြောင်း သက်သေပြနိုင်ပြီး၊ အခြား အကြောင်းအရာများစွာအတွက်လည်း ကျမ်းစာကို ကိုးကားဖော်ပြနိုင်သည်မှာ သာဓကကြီးများဖြစ်နေပါသည်။ ထိုကဲ့သို့သောတိကျသည့် ဟောဟိန်းထုတ်ခြင်းကို လူ့သမိုင်းအစမှအဆုံးအကုန်သိရှိတော်မူပြီး ဖြစ်ပျက်လာမည့်အချိန်ပါ သိမြင်နိုင်တော်မူသော ဉာဏ်တော်အနန္တနှင့်ပြည့်စုံသူ ထာဝရဘုရားထံမှ (ကျမ်းစာအားဖြင့်) သိရှိနိုင်ပါသည်။ ဤဟောဟိန်းများသည် စစ်မှန်သော အံ့ဖွယ်အမှုများ၏သက်သေအထောက်အထားဖြစ်ကြ၍၊ သမ္မာကျမ်းစာအုပ်ကြီးသည်၊ ဖော်ပြနိုင်သော အရည်အချင်း၊ အဆင့်အတန်းရှိကြောင်းသိရှိနိုင်သည့် အထောက်အထားလည်းဖြစ်နေပါသည်။

ဗျာဒိတ်တော်ပေးခြင်းဟူသောအရေးကြီးသည့် အချက်ကိုရှင်းလင်းစွာ သိရန်လိုအပ်ပါသည်။ ယင်းသည်ဘုရားသခင်က လူသားများအားအဓိပ္ပါယ်ရှိရှိ

ပြန်ဆိုခြင်းရှိလာမည့်အကြောင်းနှင့် မူရင်းဟေဗြဲနှင့် ဂရိဘာသာ မသိနားမလည်သည့် ထောင်ပေါင်းများစွာသောလူသားတို့ထံ သတင်းကောင်း တရားတော်ပြန့်ပွားရောက်ရှိသွားမည့်အကြောင်းကိုကြိုတင် ဖော်ညွှန်းခြင်းသာ ဖြစ်ပါသတည်း။

ဘုရားရှင်မှုတ်သွင်းတော်မူခဲ့သော ကျမ်းစာအုပ်ကို ဘာသာပြန်ဆိုရာ တွင် အဓိပ္ပါယ်ဖော်နိုင်သောသူက ဘာသာပြန်နိုင်ပါသည်။ ထိုသို့ဘာသာ ပြန်သောသူသည်၊ ဘုရားတရားနှင့် ပြည့်ဝသောသူဖြစ်ရပါမည်။ သမ္မာကျမ်းစာ သည် စာအုပ်အဖြစ်ပြည့်စုံလာပြီးနောက် ဝိညာဉ်တော်နှင့်ပြည့်ဝသော တမန်တော်တို့သည်လည်း၊ ပထမရာစုနှစ်အတွင်း ကွယ်လွန်ကုန်ကြပြီးဖြစ်ရာ၊ ထိုကျမ်းစာကြီးကိုမပျောက်မပျက်ထားသိုသိမ်းဆည်းရန် အထူးလိုအပ်လှ ပါသည်။ သို့မှသာနောင်လာနောင်သားများက အစစ်အမှန်ကိုဖတ်ရှု့လေ့လာ နိုင်ပြီး၊ အခြားသူများက ဖတ်ရှုလေ့လာနိုင်အောင်လည်း ဘာသာပြန်ပေးရသော အမှုကိုပြုလုပ်နိုင်ပါသည်။ အမှန်ဆိုလျှင်အဖွဲ့အမှုက ဘာသာပြန်ဆိုသူအပေါ် တိုက်ရိုက်အလုပ်လုပ်ခြင်းမရှိလျှင်လည်း၊ အချိန်ပိုင်းမှာ သက်ဆိုင်ရာ ကျမ်းစာပါ မိမိဘာသာပြန်သော ဘာသာစကားများကိုသိနားလည်ရန်သင်ယူပြီး ကျွမ်းကျင် သောဘာသာပြန်သူဖြစ်နိုင်ပါသည်။ တဖက်နှင့်တဖက်ရှိ ဘာသာစကားကို နားလည်ပြီး၊ အရေးအသားမှန်ကန်လျှင်၊ ထိုသူသည် ကျွမ်းကျင်သော ဘာသာ ပြန်သူဖြစ်ပါသည်။ ကျမ်းစာဘာသာပြန်ခြင်းသမိုင်းတလျှောက်ကို လေ့လာ ကြည့်လျှင်၊ အေ-ဒီ (ရာစု) နှစ်များကတည်းကစပြီး၊ ယခု ကွန်ပ်ပ်တို့ အင်္ဂလိပ် ကျမ်းစာအုပ် အမျိုးမျိုးဘာသာပြန်ချိန်များအထိ၊ ကျမ်းစာဘာသာပြန် ချက်များ (ဘာသာပြန်သောအလုပ်များ) ကိုကြည့်ရှုလေ့လာသောအခါ ထာဝရဘုရားရှင် ကပင် ကျမ်းစာဘာသာပြန်သူများအပေါ် နိုင်နင်းကျွမ်းကျင်စွာ ဘာသာပြန်နိုင်ရန် ကူညီထောက်မလာခဲ့သည်ဖြစ်ရာ လူသားများကဘာသာ ပြန်ဆိုရာ၌ သူတို့၏



ဤအတွက်ကြောင့်၊ လူသားများအနေဖြင့် မသိနိုင်၍ သမ္မာကျမ်းစာက ကွန်ပ်ပ်တို့ အားပြောပြရန်များစွာ ရှိနေပါသည်။ ထာဝရဘုရားနှင့် ပတ်သက်သော အကြောင်းအရာများကို သိရှိနားလည် နိုင်ရေးအတွက်၊လူသားများ၏ အသိ ဉာဏ်ကမှီနိုင်သော အနေအထား၌ ဗျာဒိတ်ပေးခြင်းဖြင့် အဖွဲ့အမှုများက ရှောင်ကျဉ်ပြုလုပ် လာပါသည်။ ထို့ကြောင့် သမ္မာကျမ်းစာအုပ်သည် ပုံနှိပ် ထုတ်ဝေသော ဘုရားရှင်၏ တရားတော် အမှန်ဖြစ်ပါသည်။

## <u>ကျမ်းစာကိုမပျောက်မပျက်အောင်ကာကွယ်စောင့်ရှောက်ခြင်း</u>

## The Miracl of Providence

သမ္မာကျမ်းစာသည် ယခုအနေအထားပုံစံအတိုင်း၊ အထဲရှိ အကြောင်း အရာများ မပျောက်ပျက်အောင် မည်သည့်အချိန်တုန်းက မည်သူက စုစည်း ထားသနည်း ဆိုသောအချက်သည်လည်း လူတိုင်းအတွက် အံ့သြဖွယ် ဖြစ်နေပါသည်။ လူသားများ၏ ရွေးချယ်မှုက သမ္မာကျမ်းစာအား “စီစစ်အတည် ပြုသည်” ဟုဆိုလျှင်၊ ကျမ်းစာသည် ယုံကြည်ကိုးစားထိုက်သော စာအုပ် မဖြစ်နိုင် - ဟူ၍ ပြောဆိုလာခဲ့ကြသည်။ တချို့က ကျမ်းစာအား နောက်ဆုံးစီစစ် အတည် ပြုခြင်းသည် အေဒီ(၂)ရာစုမှ (၅)ရာစု အတွင်းရှိ အသင်းတော်ကောင်စီဝင်များ၏ ဆုံးဖြတ်ချက်ပင် ဖြစ်သည် - ဟု မှားယွင်းစွာ ပြောဆိုကြ၏။ ထို့ကြောင့် သမ္မာ ကျမ်းစာကို စစ်ဆေးအတည်ပြု အသင်းတော်ရှိ အခွင့်အာဏာရှိသူများ၏ လုပ်ဆောင်ချက်သာလျှင် ဖြစ်ကြောင်း ဝန်ခံရမည် - ဟု ဆိုကြသေးသည်။

သမ္မာကျမ်းစာအုပ်ပါ စာအုပ်တစ်အုပ်စီသည်၊ ဘုရားရှင်၏ကျမ်းစာ တော်လာအဖြစ် လက်ခံရန်အတွက်၊ ပထမဦးဆုံး ဂျူးလူမျိုး (အစ္စရေးလ်) တို့၏ လက်ထဲသို့ ရောက်ရှိပြီးနောက်၊ ကနဦးခရစ်ယာန်အသင်းတော်ကြီး၏ လက်ထဲ သို့လုံးလုံးလျားလျား ရောက်ရှိသွားခဲ့ကြောင်း အထဲ၌သက်သေထင်ရှား

ရှိနေပါသည် (ရော - ၃း၂ နှင့် ၂တိ - ၃း၁၅ ကိုကြည့်ပါ)။ ဤကဲ့သို့သော ဖြစ်စဉ်သည် တဖြည်းဖြည်းချင်း ကူးပြောင်းခြင်း ဖြစ်ပါသည် (၆ရာ ၃၄း၁၄, ၂ပေ ၃း၁၅-၁၆) တို့သည် ဥပမာအဖြစ်ဖတ်ရှုနိုင်ပါသည်။ ဂျူးလူမျိုးဆိုင်ရာ ကောင်စီ လူကြီးများနှင့် အသင်းတော်ဆိုင်ရာလူကြီးများသည် ကာလကြာကတည်းက ထာဝရဘုရား၏နှုတ်ကပတ်တရားတော်အဖြစ်၊ လက်ခံအတည်ပြုလာကြ၏။ ထိုကြောင့်သမ္မာစာအုပ်အဖြစ်ရွေးချယ် စီစစ်ဆုံးဖြတ်အတည်ပြုရာတွင် မှားယွင်း နိုင်သောလူသားများ၏ ရွေးချယ်မှုမပါကြောင်းစိတ်ချနိုင်ပါသည်။ ထာဝရဘုရား ကိုယ်တော်တိုင်က - "ငါ၏တရားစကားများသည်၊ ငါ့ထံသို့အချည်းနှီးပြန် မလာရ" - ဟုမိန့်တော်မူခဲ့ပါသည် (ဟေရှာ ၅၅း၁၁ အရ)။

တစ်ခေတ်ပြီးတစ်ခေတ်သို့ရောက်ရှိကူးပြောင်းရာတွင်လည်း၊ သမ္မာကျမ်းစာသည် ထာဝရဘုရားကပင်ဆက်လက် ကာကွယ်စောင့်ရှောက် တော်မူလာခဲ့ ပါသည်။ ယခုလက်ရှိ သမ္မာကျမ်းစာအုပ်သည် တစ်ခုတည်းသော မူရင်းစာမူ များစွာပိုင်ဆိုင်သည်ဟု ပြော၍မရပါ။ သို့တိုင်အောင်သစ္စာရှိသော ကျမ်းစာကူးယူသူများသည် ရာစုနှစ်ပေါင်းများစွာကတည်းက၊ သမ္မာကျမ်း စာအုပ်သည် ဘုရားရှင်၏ နှုတ်ကပတ်တော်ဖြစ်ခြင်းအပေါ် မှေးမှိန်ခြင်းမရှိစေရန်၊ ရိုးသားတည်ကြည်စွာဖြင့် ထိန်းသိမ်းကာကွယ်လာခဲ့ကြပါသည်။ အကြောင်းမှာ လက်ဦးကျမ်းစာအုပ်ပိုင်ရှင်ဖြစ်ကြသူ ဂျူးလူမျိုးတို့၏ခေတ်မှ မာဆောရစ်ခေတ်နှင့် သီလရှင်ကျောင်းခေတ် ကျမ်းစာကူးယူသူခရစ်ယာန်များ ခေတ်အထိကာလ များ၌ ကျမ်းစာအတွက် အနစ်နာခံနိုင်သော ပါရမီရှင်များ၏ လက်ထဲ၌ ထာဝရ ဘုရားသခင်က ပေးအပ်ကာကွယ်ထားတော်မူခဲ့သောကြောင့် ယခုကဲ့သို့ကျမ်းမှန် ပေမှန်ကိုဖတ်ရှုနိုင်ခြင်းဖြစ်ပါသည်။ ထိုခေတ်ပေါင်းများစွာဖြတ်ကျော်လာခဲ့သော မူရင်းစာမူထဲ၌၊ မည်သည့်အပြောင်းအလဲမျှမရှိနိုင်ခဲ့ပါ။

ထိုသို့သောအကြောင်းများကြောင့်သာလျှင် သမ္မာကျမ်းစာအုပ်ကြီးသည်



ခေတ်ဟောင်းစာပေများ၏ ပြိုင်ဖက်ကင်းဖြစ်လာရခြင်းဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်၌ တူးဖေါ်တွေ့ရှိသော ပင်လယ်သေစာအုပ်လိပ်ကြီး (Dead Sea Scrolls) ကလည်း၊ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုထားသည့် သမ္မာကျမ်းစာအုပ်များသည်၊ ထိုစာလိပ်ကြီးမတွေ့ခင် အစောပိုင်းနှစ်များတုန်းက ရှိခဲ့ပြီးသော မူရင်းကျမ်းများ၏ တိကျမှုကိုပေါ်လွင်စေသောကြောင့်၊ ခန့်ညားထယ်ဝါစွာအသုံးတော်ခံလျက်ရှိ ပါသည်။ ဘုရားရှင်၏ကျမ်းစာအုပ်အပေါ် အံ့ဖွယ်ကာကွယ်စောင့်ရှောက် မှုကြောင့် ယခုလက်ရှိ (အင်္ဂလိပ်) ကျမ်းစာအုပ်ကြီးများသည် အဖက်ဖက်မှ အပြစ် ဆိုဖွယ်မရှိသော မူရင်းကျမ်းစာပါအတိုင်းရေးသားနိုင်ခဲ့သော စာအုပ်ကြီး ဖြစ်ကြောင်း ယုံမှားသံသယကင်းမဲ့စွာ အမှန်းတင်ပြောဆိုနိုင်ပါသည်။

## လူတိုင်းကမိမိဘာသာစကားဖြင့်ဖတ်နိုင်ခြင်း

"Every man in his own tongue"

ပင်တေကုတ္တေပွဲတော်နေ့တုန်းက အံ့ဖွယ်အမှုဖြစ်သော အခြားဘာသာ စကားပြောဆိုခြင်းအားဖြင့်၊ တမန်တော်တို့က သတင်းကောင်းတရားအား ထိုပွဲတော်ပါဝင်ဆင်နွှဲရန်၊ ရောမအင်ပိုင်ယာနိုင်ငံများ ရောက်ရှိလာကြသော၊ ဂျူးလူမျိုးထောင်ပေါင်းများစွာတို့ထံ တရားတော်ဝေငှသက်သေခံနိုင်ခဲ့ကြ ပါသည် (တ - ၂း၁ -၁၁)။ ထိုအချင်းအရာလက္ခဏာသည် ခရစ်ယာန်သာသနာတော်ကြီး စတင်ချီတက်နေပြီဖြစ်ကြောင်း သတိပေးခြင်းဖြစ်ပါသည်။ တပါးအမျိုးသားများ ထံခရစ်ယာန်သာသနာပြုရန်အတွက် အထူးခေါ်ယူခန့် အပ်ခြင်းခံခဲ့ရသော ရှင်ပေါလုသည်လည်း၊ အခြားသောလူမျိုး ဘာသာစကား ပြောနိုင်သော အံ့ဖွယ်စွမ်းရည်တန်ခိုးကို ဆုကျေးဇူးအဖြစ် ရရှိထားခဲ့ပါသည်။ (တ ၉း၁၅)၊ ၁ ကော ၁၄း၁၈)။ ဤကဲ့သို့သောအံ့ဖွယ်အဖြစ်အပျက်များသည်၊ နောင်လာမည့် နှစ်ကာလများတွင် သမ္မာကျမ်းစာအုပ်သည် ဘာသာစကား အမျိုးမျိုးသို့

ပြုခဲ့သောကြောင့် သူ့တမန်တော်တို့ကလည်း၊ ဤအတိုင်းသာဟောဆိုကြရပါမည်။ ယေရှုခရစ်တော်က- "မဖတ်ကြဘူးလား"- "ကျမ်းစာလာ သည်ကား" - "ကျမ်းစာက အဘယ်သို့ မိန့်ဆိုသနည်း" - စသည့် စကားလုံး များသည်၊ သမ္မာကျမ်းမြတ်ကြီးတစ်ခုလုံးကို ရည်ညွှန်းမိန့်ဆိုခဲ့ခြင်းသာ ဖြစ်ပါ သည်။ ထူးခြားသည်မှာ၊ ယေရှုခရစ်တော်က သူ၏နှုတ်ကပတ်တော်ထွက်စကားတရား ဟောဆိုချက်အားလုံးသည်၊ ဘုရားရှင်မှုတ်သွင်းတော်မူခြင်းကြောင့် ပြောဆိုရကြောင်းထောက်ပြသွားခဲ့ပါသည် (ယော-၁၇း၈ ကိုဖတ်ပါ)။ ထို့ပြင် သူ့နောက်တော်လိုက် တမန်တော်တို့ကိုလည်း (ဓမ္မဟောင်းကျမ်းပါ သူတော်စင်တို့အတိုင်း) သန့်ရှင်းသော ဝိညာဉ်တော်၏ ဦးဆောင်မှု၊ စေခိုင်းမှုရှိလိမ့်မည်-ဟုကြိုတင် အားပေးတော်မူခဲ့ပါသည် - ယော-၁၄း၁၆၊ ၁၅း၂၆-၂၇၊ ၁၆း၁၃-၁၅)။ ထို့ကြောင့် ကနဦးအသင်းတော်ခေတ်ကတည်းက၊ သမ္မာကျမ်းစာလာသမျှသည် ထာဝရဘုရား၏မှုတ်သွင်းတော်မူသော စကားလုံးများဖြစ်သောကြောင့်၊ ဘုရားတရားသမားတို့ ကောင်းမှုမျိုးစုံ ပြုလုပ်နိုင်ရန်အတွက် အကျိုးရှိပါ၏" -ဟုမှတ်ယူလာခဲ့ခြင်းဖြစ်ပါသည် (၂တိ-၃း၁၆)။ သမ္မာကျမ်း ကိုယ်တိုင်က ထိုကဲ့သို့ တင်ပြပြောဆိုခြင်း ရှိခဲ့ပြီးဖြစ်သောကြောင့် ယုံကြည်သူမှန်လျှင် အလယ်အလတ်ဝါဒကျင့်သုံး ပြောဆိုမှုမျိုး၊ တုံ့ပြန်မှုမျိုး မပြုသင့်တော့ပါ။ လက်ခံလျှင်ခံ၊ လက်မခံလျှင်မခံနှင့် -ဟူ၍သာပြောဆိုရပါတော့မည်- အကြောင်းမှာကျမ်းစာ၏ ဖော်ပြတင်ပြချက်များသည် မှားပါက၊ အထဲရှိတရားစကား အကြောင်းအရာများသည်လည်း စစ်မှန်သော တန်ဖိုးမရှိ နိုင်တော့ပါ။ ကယ်တင်ခြင်းတရား - ဆိုသည်မှာလည်း၊ လူ့စိတ်ကူးယဉ် ဝတ္ထုသက်သက်သာ ဖြစ်သွားပါတော့မည်။ သို့သော် စကားတော်အတိုင်း ယုံကြည်ပြီး တင်ပြချက်များသည် အမှန်တရားဖြစ်ပါကမူ၊ ထိုတရားစကားတော် အတိုင်းယုံကြည်ပြီး လိုက်နာကျင့်သုံးရန်သာ ရှိတော့သည်။ အကြောင်းမှာ သတင်းကောင်းတရားသည်



ပညာကို ကျွမ်းကျင်တိကျစွာအသုံးချနိုင်ခဲ့ကြောင်း သာဓကကြီးဖြစ်ပါသည်။

ဓမ္မပညာရှင်ကြီးများဖြစ်ခဲ့သော ဂျွန်ဝိုင်ကလိဖ် (John Wxcliffe, 1320 - 1384) နှင့် ဝီလျံတင်းဒဲလ် (William Tyndale, 1494-1536) သည်လည်း၊ ထာဝရဘုရား၏ ကြည့်ရှုစောင့်ရှောက်မှု၊ ထောက်ပံ့အားပေးမှုများခံစားခဲ့သူများဖြစ်ကြောင်းလေ့လာဖတ်ရှုရပါသည်။ သူတို့သည် ကိုယ့်ကိုကိုယ်အပ်နှံခြင်းနှင့်အတူ ဓမ္မပညာရှင်များဖြစ်လာကြကာ အင်္ဂလိပ်ဘာသာသို့ ကျမ်းစာကို အနက်ပြန်သောအလုပ်၌ ကျွမ်းကျင်သူများဖြစ်လာကြပါသည်။ သူတို့ကြောင့် အများမဖတ်ရန်၊ ပိတ်ပင်ခံလာခဲ့ရသော သမ္မာကျမ်းတော်ကြီးသည် (ရိုမန်ကက်သလိပ်ဘာသာဝန်ထမ်းများ၏အပြုအမူ) လူတိုင်းလက်သို့စတင်ရောက်ရှိသွားခဲ့ပါသည်။ ညှင်းပန်းနှိပ်စက်သတ်ဖြတ်ခြင်း၊ ကိုယ်ပိုင်ပစ္စည်းသဖွယ် (Pope) ပုတ်ရဟန်း နှင့် အပေါင်းပါတို့က ဝှက်ထားခြင်း၊ ကိုယ်ကာယ နှိပ်စက်ရိုက်ထုခြင်း၊ စိတ်ဓါတ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်ခြင်းအမျိုးမျိုး - အစရှိသည့်အခက်အခဲများက သမ္မာကျမ်းစာဘာသာပြန်ခြင်း အမှုတော်ကို တားဆီးပိတ်ပင်မှုမပြုနိုင်ခဲ့သည်မှာ သမိုင်းတစ်လျှောက်ဖြစ်ခဲ့ပါပြီ။ စာလုံးများပုံနှိပ်ရသောစက်ကြီး (Printing Press) ပေါ်လာသောအခါ၌ကား အဆိုပါဓမ္မပညာရှင်နှစ်ပါး၏ အလုပ်ထဲသို့ လူများစွာပါဝင်လာခဲ့ပါသည်။ ထိုအခါစိတ်ကူးထဲ မထည့်ခဲ့ဘူးသော ကျမ်းစာအရေ အတွက်အများကြီးပေါ်လာသောကြောင့် တင်းဒဲလ် (Tyndale) ၏ ရည်မှန်းချက် လည်းပြည့်စုံသွားခဲ့ပါသည်။ အမှန်မှာသူသည် တောင်သူလယ်သမားမိသားစု ထဲပါရှိသူဖြစ်သော်လည်း၊ သမ္မာကျမ်းစာအုပ်ကြီးပုံနှိပ်ဖြန့်ချိမှုသည် တဟုန်ထိုးကြီးထွားလာ၏။ ၁၆၁၁ ခုနှစ်၊ အင်္ဂလန်ဘုရင်မင်းမြတ် ဂျိမ်းစ် (King James I) မှ တာဝန်ပေးခန့်အပ်သော ကျမ်းစာဘာသာပြန်အဖွဲ့ကြီးသည်၊ ပထမဆုံးသော ပုံနှိပ်စက်ကြီးအတွက် အရည်အချင်း ပြည့်ဝသောသူများဖြစ်ကြပြီး အင်္ဂလိပ်ဘာသာစကားအသုံးပြု ပြောတတ်ဟောတတ်

သူများအားလုံးအတွက် အကောင်းဆုံးဘာသာပြန်စာအုပ်ကြီး ထုတ်ဝေခဲ့ပါသည်။ စကားလုံးတိကျမှန်ကန်ပြီး အသုံးအနှုန်းအပီအပြင်ဆုံးနှင့် ယခုထိမည်သည့် ဘာသာပြန်ကျမ်းကမျှမမှီနိုင်သော ကျမ်းစာအုပ်ကြီးဖြစ်လာခဲ့ပါသည်။ ဘာသာပြန်အဖွဲ့ဝင်များ ကလည်း၊ သူတို့က - "လုပ်ရင်းကိုင်ရင်း၊ ကြီးမားသောကူညီထောက်ပံ့ကြီးကြပ်ကွပ်ကဲမှုသည် အလိုအပ်ဆုံးဖြစ်သောကြောင့်ထာဝရဘုရား၏ ကောင်းမြတ်တော်မူသောလက်တော်ပါဝင်ခြင်းအားဖြင့်၊ ဤကျမ်းစာအုပ်ကြီး (KJV) ကိုလူများထံ ပေးအပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း" - ဝန်ခံဖော်ပြခဲ့ကြပါသည်။

ပြန်လည်တည်းဖြတ်သော ကျမ်းစာအုပ် (Revised Version, 1885) သည် ရှေးဟောင်းဟေဗြဲနှင့် ဂရိစာမူပါဝေါဟာရများ၏ အဓိပ္ပါယ်ကို ပိုမိုရှင်းပြနိုင်ခဲ့သည်။ နောက်ထပ်ထုတ်ဝေဖြန့်ချိလာခဲ့သော (Revised Standard Version, 1952) (The New English Bible, 1970; New Internationl Version, 1979) အင်္ဂလိပ်ကျမ်းစာအုပ်များသည်၊ လမ်းပေါ်လမ်းဘေးလူတွေကပါ ဘုရားရှင်၏တရားတော်မြတ်အား နားလည်သဘောပေါက်သွားအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။ သို့သော်မှတ်ထားရမည်မှာ KJV ကျမ်းကြီးအပါအဝင်၊ စစ်မှန်ကောင်းမွန်သော အခြားဘာသာပြန်ကျမ်းစာအုပ်များ အားလုံးသည်၊ ထာဝရဘုရားကာကွယ်စောင့်ရှောက်မှုကြောင့်သာ ပေါ်ပေါက်လာရကြောင်းပင် ဖြစ်ပါသည်။ ထိုဘာသာပြန်ချက်များ၌၊ ဘာသာစကားတစ်မျိုးမှ တစ်မျိုးသို့ စကားလုံးအသုံးအနှုန်းများ ဖလှယ်ထားသိုရာတွင်မစုံလင်မှုပြသနာမျိုးစုံ ရှိနိုင်သော်လည်း၊ ဖတ်ရှုသူများအတွက် ထာဝရဘုရားရှင်၏ တရားတော်ကိုအရှိအတိုင်းတင်ပြနိုင်ခြင်းရှိနေပါသည်။ ထိုကဲ့သို့ဘာသာပြန်နိုင်သူများရှိလာခဲ့ရခြင်းကြောင့် ခရစ်တော်နှင့်တမန်တော်တို့ ဟောကြားမိန့်ဆိုခဲ့ကြကုန်သောစစ်မှန်သည့် တရားဓမ္မမှန်သမျှ၊ ကမ္ဘာအရပ်ရပ်သို့ရောက်ရှိ



သွားနိုင်ပြီး ကမ္ဘာအဆုံးတိုင် (မကြားသူမရှိသည့်တိုင်) ဖတ်ရှုဟောပြောသွားနိုင်မည်သာ ဖြစ်ပါသတည်း။ သူတို့တရားဟောသံ၊ တရားဟောချက်ကို မကြားနိုင်သော၊ နားမလည်နိုင်သော၊ ဘာသာစကားဆိုသည်မှာမရှိ (ဆာ-၁၉း၄ နှင့် ရော ၁၀း၁၈ အရ)။

သို့သော် the living Bible နှင့် the Good News Bible ၊ ထို့ပြင် J.B.Phillip ပြုစုသော သမ္မာကျမ်းစာအုပ်တို့သည်ကား ဖတ်လွယ်အောင် ပြန်ဆိုခြင်းသာ ဖြစ်သောကြောင့် အဆင့်ရှိသော ဘာသာပြန်ကျမ်းစာအုပ်ထဲတွင် မပါဝင်ကြပါ။

## **စိန်ခေါ်သောပြောဆိုမှု။** (A Challenging Claim)

ယခုကား ကျမ်းစာအုပ်ကြီးသည် ငါတို့၏ ရှေ့မှောက်သို့ရောက်ရှိလာပြီ ဖြစ်သောကြောင့် ထာဝရဘုရား၏ တရားတော်အဖြစ် ကြားနာမှတ်သားရန် တောင်းဆိုမှုပြုနေပါပြီ။ ဓမ္မဟောင်းမှစ၍ - "ဘုရားသခင်နှုတ်ကပတ်တော်လာသည်ကား" - ဟူ၍ စတင်စကားဦးခံထားခြင်း ရှိခဲ့ပြီ။ ဤကဲ့သို့သော စကားလုံးပါရှိသည့် ကျမ်းပိုက်များကို ဖယ်ရှားမည်ဆိုလျှင်၊ စာမျက်နှာမှာ အနည်းငယ်သာ ကျန်ရှိပါတော့မည်။ ရှင်ပေတရုက - "ဘုရားသခင်၏ သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍ဟောပြောကြ၏" - ဟု သတိပေးခဲ့ပါသည် (၂ပေ- ၁း၂၁)။ ထိုစကားကို အတည်ပြုရာတွင်၊ ဤစကားမှန်ကန်သောအရာဖြစ်သည် (သို့မတုတ်) လုပ်ကြံသောစကားဖြစ်သည် - ဟူသော အချက်သည် အရေးကြီးလှပါသည်။ သို့သော် ငြင်းပယ်၍ မရနိုင်ခြင်းမှာ၊ သခင်ယေရှုခရစ်တော် ကိုယ်တိုင်ကလည်း ဓမ္မဟောင်းကျမ်းပါ တရားဟောစကားများသည်၊ အခွင့်အာဏာ ဖြန့်ဝေသော ထာဝရဘုရား၏တရားတော်ဖြစ်ကြောင်း၊ ဝန်ခံမိန့်ဆိုခြင်းအားဖြင့် အသိအမှတ်

လိုအပ်ပါသည်။ ထိုကဲ့သို့ လိုက်နာနေထိုင်ရန်အတွက် လုံလောက်သော ကျမ်းစာပိုဒ်များသည် နမူနာအဖြစ် ဖတ်ရှုနိုင်ပါသည်။ ဥပမာ (ယောရှု ၁း၈၊ ဆာ-၁း၂ -၃)။

**အသက်တာကိုပြောင်းလဲစေခြင်း။** ("Converting the soul")

သူ့နာမတော်ထင်ရှားရေးအတွက်၊ သူ့တရားတော်ကို အသီးအနှံ ဖြစ်ထွန်းရန်၊ ဤလောကသို့ ချပေးတော်မူခဲ့ပြီ(ဟေရှာ-၅၅း၁၀-၁၁)။ ဘုရားရှင်၏ သဘောတရားကို သင်ကြားလေ့လာခြင်းအားဖြင့် လူတွေက အောင်မြင်မှု ရရှိနေကြပြီး၊ ဘုရားရှင်အားတုံ့ပြန်မှု ပြုနိုင်ကြ၏။ ထို့ကြောင့် ပထမဆုံးသော ကျမ်းစာအုပ်ကြီးဖြစ်ပေါ်ရခြင်း၏ ရည်ရွယ်ချက်သည် ကြားသိရန်ဖြစ်ပြီး ကြားသိပြီးမှ အသက်တာအား ပြန်လည်ပြုပြင်ရန် ဖြစ်ပါသည်။- “ထာဝရဘုရား၏တရားတော်သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကိုပြုပြင်တတ်၏ ထာဝရဘုရား၏သက်သေခံတော်မူချက်သည် ဟုတ်မှန်သည်ဖြစ်၍ မလိမ္မာသော သူတို့ကိုလိမ္မာစေတတ်၏”- ဟု ဆာလံကျမ်းဆရာက ဆိုခဲ့ပါသည် (ဆာ=၁၉း၇)။ ပြောင်းလဲခြင်း= သည် လူ့သဘာဝပါ အပြစ်လမ်းကြောင်းမှ ဝိညာဉ်ရေးရာသို့ လမ်းကြောင်းပြောင်းလဲခြင်းဖြစ်ပြီး၊ ဘုရားရှင်၏ ဖြောင့်မတ်သော ကယ်တင်ခြင်း လမ်းကြောင်းအတိုင်း ကျင့်ကြံလျှောက်လှမ်းခြင်းဖြစ်ပါသည်- ယေရှုခရစ်တော်က -“သင်တို့သည် ပြောင်းလဲ၍၊ ဤသူငယ်ကဲ့သို့မဖြစ်လျှင် ကောင်းကင်နိုင်ငံတော်သို့ မရောက်ရကြ”- ဟု မိန့်ဆိုတော်မူခဲ့ပါသည် (မ-၁၈း၃)။

ထာဝရဘုရား၏ တရားစကားတော် အဓိကရည်ရွယ်ချက်သည် နှိမ့်ချသော စိတ်ထားရှိခြင်းအားဖြင့် ဘုရားရှင်ထံ ခေါ်ဆောင်လာခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ ဖြစ်လာမှုလူတစ်ယောက်သည် “မဖောက်ပြန် မပျက်စီးတတ်သော မျိုးစေ့တည်း ဟူသောအသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပွားသောကြောင့်ညီအစ်ကိုများကိုချစ်ယောင်မဆောင်



သေခြင်းမှ ပြန်လည်ရှင်ပြန်ထမြောက်ခြင်း အကြောင်းအမှန်ဖြစ်သောကြောင့်၊ ယုံကြည်သူများကို မှန်ကန်သောမျှော်လင့်ခြင်းတရားပေးနိုင်ပါသည်။ သမ္မာကျမ်းမြတ်သည်၊ မည်သည့် ပညာရေးနှင့်မျှ မဆိုင်ပါ။ သေရေး/ရှင်ရေး၏ သော့ချက်သာလျှင်ဖြစ်ပါသတည်း။

**အရာမရောက်သောဝေဖန်တိုက်ခိုက်မှုများ။**

The Critics Confounded

သို့သော်လည်း ကျမ်းစာသည် ဘုရားရှင်၏ နှုတ်ကပတ်တော်တရားစကား မဟုတ်ကြောင်း ငြင်းပယ်တတ်သူများက အမြဲတမ်းရှိနေကြဆဲ ဖြစ်ပါသည်။ ကျမ်းစာဝေဖန် တိုက်ခိုက်သူများ၏ အသံဗလံသည် အေဒင်ဥယာဉ်တုန်းက၊ အာဒံနှင့်ဧဝတို့အား၊ ယုံမှားသံသယ မေးခွန်းဖြင့် လှည့်ဖျားနိုင်ခဲ့သော စာတန်မာရ်နတ်ကြီး၏ အသံနေအသံထားအတိုင်း ဖြစ်နေပါသည်။ -“ဘုရားသခင်မိန့်တော်မူသလော. . . ” ဆိုသော သံသယပွားမေးခွန်း(က-၃း၁)။ ထာဝရဘုရား၏ စကားတရားတော် ဖျက်လိုဖျက်ဆီးပြုလုပ်ခဲ့သော မင်းဆိုးမင်းညစ် ယေဟောယားကိမ် (King Jehoiakim) ၏အကျင့်အကြံသည် ခေတ်အဆက်ဆက်၌ မြင်တွေ့နိုင်ပါသည် (ယေရမိ-၃၆-ကိုကြည့်)။ သို့သော် ဝေဖန်တိုက်ခိုက်သူများသာရှုံးနိမ့်ကြပြီး သမ္မာကျမ်းမြတ်ကမူ၊ ယနေ့တိုင် ပန်းပန်လျက်သာ တည်ရှိနေပါသည်။

သမ္မာကျမ်းစာသည် ပစ္စည်းသဖွယ် ဘုရားသခင်က ထိန်းသိမ်းကာကွယ်စောင့်လာသည် မဟုတ်ပါ။ ကယ်တင်ခြင်းဆိုင်ရာ ယုံကြည်ခြင်းတရားပေးနိုင်သောစာအုပ်ကြီးအဖြစ်ပါသိမ်းဆည်းထားသည်။ ဝေဖန်တိုက်ခိုက်သူများကလည်း ပေါ်ထွန်းကြပြန်ရာ၊ ထိုသူတို့ကလည်းပြန်လည်ပြီး ကျမ်းစာ၏ ခက်ခဲမှုနှင့်ကွဲလွဲချက်များရှိသည်ကိုစွပ်စွဲပြောဆိုလာကြ၏။ သို့သော် သဘောထားပြည့်ဝသော လူများအတွက်တော့၊ ထိုကဲ့သို့သော ဝေဖန်မှုပြဿနာများကို

ကိုစဉ်းစားဆင်ခြင်ပြီး ခိုင်လုံသောဖြေရှင်း ချက်ကြီးပေးစွမ်းနိုင်ခဲ့ပါသည်။ မကြာခင်နှစ်တုန်းက တူးဖော်တွေ့ရှိခဲ့သော ရှေးဟောင်းစာကြီးပေကြီးများကလည်း၊ ကျမ်းစာဝေဖန် တိုက်ခိုက်သူများ မှားယွင်းကြောင်း သက်သေဖြစ်သွားခဲ့ပြန်ပါသည်။ မူလကျမ်းကြီး (၅)အုပ်ကို မောရှေက ရေးသားခြင်းမဟုတ်-အကြောင်းမှာ ထိုခေတ်တုန်းက စာရေးသားမှတ်တမ်းတင်ခြင်းပညာ မရှိသေး . . . စသည့် ဝေဖန်မှုများအပြင်၊ ဘယလ်ရှယား (Belshazzar)၊ ဆာဂွန်း (Sargon)နှင့် ဟိတိုက်လူမျိုးတို့၏ (Hittites) အကြောင်းအရာသည် စိတ်ကူးယဉ်မှုသာဖြစ်ကြောင်းနှင့် ဆီဇာသြဂုတ်စတစ် (Caesar Augustus) ခေတ်ဖြစ်သောယေရှု၏ မွေးဖွားချိန်ခါတုန်းက မည်သည့်သန်းခေါင်စာရင်းပြုလုပ် မှတ်ပုံတင်ခြင်းမှမရှိခဲ့ကြောင်း . . . နှင့် အခြားသောအမျိုးမျိုး ဝေဖန်တိုက်ခိုက်သံများသည်လည်း မဟုတ်မမှန် လုပ်ကြံရေးသားခြင်းဖြစ်ကြောင်းဖြင့် ဝေဖန်တိုက်ခိုက်မှုအားလုံးသည် နောက်၌ပေါ်လာသော ကျမ်းစာဆိုင်ရာ သုတေသနလေ့လာတွေ့ရှိချက်များကြောင့် အရာမရောက်ဖြစ်ကြကုန်၏။

ဝမ်းနည်းဖွယ်အချက်မှာ ကျမ်းစာဝေဖန်မှုသည် ကျမ်းစာပါတရားတော်များလိုက်နာ ကျင့်သုံးခြင်းကို မလိုလားသူများနှင့် လက်တွဲလာရခြင်းပင်ဖြစ်ပါသည်။ သူတို့ကကိုယ်တိုင် သက်သေအထောက်အထားမပြနိုင်သော တင်ကြိုစိတ်ကူးယဉ်သောယူဆချက်ပေါ်မူတည်ပြီးဆိုလာကြသည်။ ထိုကဲ့သို့သောလစ်လျူရှုသော သဘောထားသည်၊ ပါဝင်ပြောဆိုသူအတွက်ရော ထိုအပြောအဆိုကိုထောက်ခံအားပေးသူများအတွက်ပါ လွန်စွာကြေကွဲစရာဖြစ်ရပ်ဖြစ်သည်။ “သမ္မာကျမ်းစာအုပ်သည် အထဲရှိ ရတနာများကို၊ ဝေဖန်တိုက်ခိုက်သူများ၏ လက်သို့အညံ့ခံခြင်းမျိုးမရှိ”- ဟူသော ဆိုရိုးစကားနှင့်အညီ၊ မည်သည့်စစ်ဆေး စမ်းသပ်မှုမျိုးကိုမဆို အချိန်မရွေး ခံနိုင်သောစာအုပ်ကြီးဖြစ်ပါသတည်း။



**<u>လူတိုင်းအတွက်ဘုရားရှင်၏အသံတော်။</u>**

" The voice of God to every man"

အေဒီ(၃)ရာစုတုန်းက ခရစ်ယာန်ခေါင်းဆောင်ဖြစ်သော အော်ရီဂျင်(Origen) ဆိုသူက- “ကောင်းကင်ဘုံဆိုင်ရာ လျှို့ဝှက်နက်နဲသည့် အရာများကို မြင်တွေ့လိုသူနှင့် ဘုရားရှင်အသံတော်ကို ကြားလိုသောသူများအတွက် သမ္မာကျမ်းစာသည် ယနေ့လောလောဆယ်၌ပင် စုံလင်သောစကားကို မိန့်ဆိုနေသည်” - ဟုပြောဆိုခဲ့ပါသည်။ ခရစ်တော်၏ အခြေခံအကျဆုံး မိန့်ဆိုချက်ဖြစ်သော- “ကြားစရာနားရှိသောသူမည်သည်ကားကြားပါစေ”- အဆိုအမိန့်နှင့် လိုက်ဖက်ကိုက်ညီပေ၏ -(လု-၈း၈၊ ဗျာ-၂း၇ . . . စသည်များကိုဖတ်ပါ)။ ရှင်ပေါလုကလည်း၊ အေသင် မြို့ကြီးသားတို့ထံ-“ဘုရားရှင်သည် နေရာတကာရှိလူတိုင်းအပြစ်နောင်တရကြ စေလိုတော်မူ၏”- ဟုဟောကြားခဲ့ပါသည်(တ-၁၇ း ၃၀)။ သို့သော် ထိုစကားများသည် ယနေ့ကျွန်ုပ်တို့ခေတ်၌မူ ပုံနှိပ်ပြီးသော စာအုပ်ကြီးအဖြစ် ပေါ်ထွက်လာပြီ ဖြစ်ပါသည်။ မှန်ပါသည်။ ဘုရားရှင်စောင့်ကြည့်ကာကွယ်မှုကြောင့် သမ္မာကျမ်းစာအုပ်ကြီး ပုံနှိပ်ထုတ်ဝေခဲ့ရပြီ။ ယခုတော့ စာမျက်နှာများပေါ်မှာ ရေးသားစီချယ်ထားသော သူ့အသံတော် တရားစကားများကို နားထောင်ကြရန် လူသားတိုင်းသို့ ဘုရားရှင် ပြောဆိုနေပါပြီ။ သို့သော် အတင်းအဓမ္မခိုင်းခြင်းမျိုး မရှိပါ။ - “စိတ်နှိမ့်ချခြင်း၊ နှလုံးကြေကွဲခြင်း၊ ငါ့စကားကြောင့်တုန်လှုပ်ခြင်းရှိသော သူကိုသာငါကြည့်ရှုမည်”- (ဟေရှာ-၆၆း၂ အရ)။

ယခုအခါ၊ ပုံနှိပ်ထုတ်ဝေပြီးသော ကျမ်းစာအုပ်များ၊ ဘာသာမျိုးစုံဖြင့် ရရှိနိုင်ပြီဖြစ်ရာ၊ ထာဝရဘုရား၏ စိတ်တော်ထဲရှိ ဖော်ပြချက်များကို ထူးခြားစွာ ဖတ်ရှုနိုင်ကြပါပြီ။ စိတ်ရင်းနှင့် ဆုတောင်းဆက်ကပ်ပြီးမှ ဖတ်ရှုမှသာ အသံတော်ကိုကြားသိနိုင်ပေသည်။ ကြီးမားသော အကျိုးကျေးဇူး ရရှိရန်အတွက် ဘုရားရှင်အားယုံကြည်နာခံလာခဲ့သော လူများစွာတို့၏ ယုံကြည်ခြင်းအတိုင်း ယုံကြည်ရန်

ဂတိတော်စကားသည် ကျွန်ုပ်တို့စစ်မှန်သော ယုံကြည်သူများအတွက်ဖြစ်ပါသည် (ယော ၁၄ း ၂၇)။ အစစအရာရာ၌ စိတ်နှလုံးချမ်းသာငြိမ်းသက်ခြင်းကို ပေးနိုင်သောထာဝရဘုရား၏ ကျမ်းတော်ပါနှုတ်တော်ထွက်တရားစကားများ၌ မဖြေရှင်းသောပြဿနာဟူ၍မရှိပါ (၂ကော ၁း၃ အရ)။ တစ်ဦးတစ်ယောက်စီ ကြုံတွေ့ရသော ဘဝအသက်တာပြဿနာတိုင်းအတွက် အဖြေသည်သမ္မာကျမ်းစာထဲ၌ရှိသောကြောင့် တကမ္ဘာလုံး၏အကြီးမားဆုံးသော ပြဿနာအခက်အခဲများကိုပင် ဖြေရှင်းနိုင်သော တန်ခိုးတော်စာအုပ်ကြီးဖြစ်ပါသည်။ တကမ္ဘာလုံး လိုလားတောင့်တကြကုန်သော ငြိမ်းချမ်းရေးသည် သခင်ယေရှုခရစ်တော် ပြန်လည်ကြွလာချိန်၌သာ အကောင်အထည်ဖော်နိုင်ပြီး ငြိမ်းချမ်းသာယာမှုရှိပါမည် (တ ၁း၁၁၊ ၃း၂၀-၂၁)။ ထို့ကြောင့်သမ္မာကျမ်းစာပါ ကြီးမားသော ဂတိတော်ကို ဖတ်ရှုပြီးအမှန်ပင် ပြီးပြည့်စုံလင်လာမည့်အကြောင်း သံသယကင်းသွားပြီးဖြစ်သောကြောင့် "ဤစကားများအားဖြင့် အချင်းချင်းတစ်ယောက်ကို တစ်ယောက်သက်သာစေကြလော့" (၁ သက် ၄ း ၁၈)။

## ထာဝရအသက်ဖြစ်သောတရားတော်စကားများ

"The words of eternal life"

သခင်ယေရှုခရစ်တော်သည် သူ၏ခေတ်ပြိုင်ပုဂ္ဂိုလ်များနှင့်ကြုံသောအခါတိုင်းသမ္မာကျမ်းစာအုပ်ကို ဖတ်ရှုကြရန်အမြဲတမ်း ပြောဆိုအကြံပြုတော်မူခဲ့ပါသည် (ယော ၅း၃၉ အရ)။ ရှင်ပေတရုတယောက်အတွက်ရော အခြားသူများအတွက်ပါ ဘုရားရှင်ထံတော်မှလာသော နှုတ်ကပတ်တရားတော်မှအပ မည်သည့်အရာကမျှ ကယ်တင်ခြင်းဆိုင်ရာပညာရပ်ကို မပေးနိုင်ကြောင်းနှင့် ပတ်သက်သော ဟောပြောချက်များသည် မေ့ပျောက်၍မရကောင်းသော အမှန်တရားဖြစ်ကြောင်းလက်ခံလာခဲ့ကြပါသည်။ ဤအတိုင်းတမန်တော်



အမှန်ချစ်ခြင်းအလို့ငှါ၊ စိတ်ထဲမှာသစ္စာတရားကိုနားထောင်လျက် ကိုယ်စိတ်နှလုံးကိုစင်ကြယ်စေပြီးသည်နှင့်အညီ၊ စင်ကြယ်သောစိတ်နှင့် အချင်းချင်း အားကြီးသောချစ်ခြင်းမေတ္တာရှိကြလော့ (၁ပေ-၁း၂၃)။

## တန်ခိုးတော်နှင့်ပြည့်ဝသောတရားတော်။ (A Word of Power)

ပုံနှိပ်သောကျမ်းစာသည် ပုံနှိပ်ရခြင်းကြောင့် ကယ်တင်ခြင်းဆိုင်ရာ တန်ခိုးလျော့ကျသွားနိုင်သည်ဟု ထင်မြင်ယူဆပါပြီး သန့်ရှင်းသောဝိညာဉ်တော်က သဘောမပေါက်ခင် အနက်အဓိပ္ပါယ်တိုက်ရိုက်ဖွင့်ပြရန် လိုအပ်သည်-ဟု ယူဆလျှင် မှားပါသည်။ ကျမ်းစာအုပ်သည် ကျိုးကြောင်းလျော်ညီမှုရှိပြီး၊ ဘုရားရှင်ရေးသားတော်မူသော စာအုပ်ဖြစ်ခြင်းကြောင့် အခြားစာအုပ်များ၌ မရှိသောတန်ခိုးသတ္တိမျိုးနှင့် ပြည့်စုံနေပါသည်။ ထို့ကြောင့်အပိုင်းကဏ္ဍတိုင်းသည်အကျိုးကျေးဇူးပြုသည်ချည်းသာ ဖြစ်ပါသည်။ ဤအကြောင်းကို ရှင်ပေါလုကထောက်ခံရာ၌ "ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလို့ငှါ ပညာကိုပေးနိုင်သောဓမ္မကျမ်းစာကို ငယ်သောအရွယ်မှစ၍ လေ့ကျက်သည် ကိုရင်း၊ သိမှတ်သည်နှင့်၊ အထက်ကသင်၍ နှလုံးသွင်းမိသော အယူဝါဒ၌တည်နေလော့" (၂ တိ - ၃း၁၅)။ ပေးနိုင်သည် - ဆိုသောစကားလုံးသည် တန်ခိုးရှိသည် - ဟုဆိုလိုခြင်းပင်ဖြစ်ပါသည်။ သမ္မာကျမ်းစာသည် လေ့လာဆည်းပူးသူများကိုဘုရားရှင်နှင့်ဆိုင်သော ပညာဉာဏ်ပေးနိုင်ပြီး၊ အထဲရှိစကားလုံးများကိုလည်း "ဘုရားရှင်၏တန်ခိုးတော်" ဟူ၍၎င်း၊ "ဝိညာဉ်တော်" - ဟူ၍၎င်း၊ တင်စားပြောဆိုခြင်းရှိပါသည်။ အကြောင်းမှာ ကျမ်းစာထဲရှိစကားလုံးတိုင်းသည်သန့်ရှင်းသော ဝိညာဉ်အားဖြင့်ရေးသားခြင်းဖြစ်သောကြောင့် ထိုစကားလုံးများသည်လည်း "သေသောအရာကိုသတ်စေ" ပါသည် (ယော ၆း၃၊ ဧဖက် ၆း၁၇၊ ၂ ပေ - ၁း၃၊ ၁ ယော ၅း၇ ကြည့်ပါ)။ ယနေ့အခါ ရှင်ပေါလု၏ တိုက်ရိုက်ဟောပြောသင်ပြမှုမရှိသော်လည်း ဘုရားရှင်၏နှုတ်တော်ထွက်

တရားကျမ်းစာသည်၊ “သင်တို့ကိုတည်ဆောက်ခြင်းငှါဝင်၊ သန့်ရှင်းသောသူ အပေါင်းတို့နှင့်အတူ သင်တို့အားအမွေပေးခြင်းငှါဝင်၊ တတ်နိုင်သောဘုရား သခင်၌ဝင်၊ သင်တို့ကိုငါအပ်နှံ၏” (တ -၂၀ း ၃၂)။ ထာဝရဘုရား၏ လက်သုံးစကား တရားများသည် အသက်ရှင်ပြီး လှုပ်ရှားသောကြောင့် အချည်းနှီး (အလုပ်မလုပ်သောအရာ) မဟုတ်ပါ (တ ၇ း ၃၈)။ ကနဦးခေတ်တုန်းကအတိုင်း ပြောင်းလဲခြင်းမရှိသော တန်ခိုးတော်ပါရှိပါသည်။

**ရည်မှန်းချက်အားခံစားသိမြင်နိုင်ခြင်း** (A Sense of Purpose)

ကျမ်းစာပါတန်ခိုးတော်သည် ဘုရားရှင်၏ နဂိုမူရင်းထဲ၌ သိမ်းဆည်း ထားရှိပြီး လူသားများ၏ဘဝအသက်တာများ၌ နည်းမျိုးစုံဖြင့်ထိရောက်စွာ အလုပ်လုပ်ကြောင်းပေါ် လွင်ထင်ရှားခြင်းရှိပါသည်။ ထိုသို့ထင်ရှားရခြင်းသည် ကျမ်းစာကိုယ်တိုင်က ၎င်း၏ရည်မှန်းချက်ခံစားသိရှိနိုင်ခြင်းကို အသက်တာထဲ၌ ယူဆောင်လာနိုင်ခြင်းကြောင့်ဖြစ်ပါသည်။ ကျမ်းစာပါသတင်းကောင်း တရားတော်မြတ်သည် ဤကမ္ဘာမြေနှင့် လူသားများအတွက် ထာဝရဘုရားရှင် ၏နောင်ကာလဆိုင်ရာ အကြံအစည်များအကြောင်းကို ဖေါ်ပြခြင်းပင်ဖြစ် ပါသည်။ ကျမ်းစာသည် ဘုရားရှင်၏ဆက်လက်ရှင်သန်လှုပ်ရှားလုပ်ကိုင် နေသောအမှုတော်အကြောင်းဖြစ်ပြီး ယေရှုခရစ်တော်အား အလယ်ဗဟိုပြုကာ၊ လူသားများကယ်တင်ခြင်းအကြောင်းကို ဖေါ်ပြသောမဟာစာအုပ်ဖြစ်ပါသည်။ ကြီးမြတ်မှန်ကန်သော ဘုရားရှင်၏ဂတိတော်များအကြောင်း သိရှိနားလည်ခြင်း နှင့် ယုံကြည်စိတ်ချရခြင်းသည် ဘုရားရှင်နှုတ်တော်ထွက်တရားတော်အပေါ်၌ လုံးလုံးလျားလျားတည်မှီလျက်ရှိပါသည်။ ထိုကဲ့သို့နားလည်ယုံကြည်ခြင်းက လူသားများကို နောင်ကာလအတွက် ရည်မှန်းချက်မရှိသောသူများအဖြစ်မှ၊ ရည်မှန်းမျှော်လင့်ချက်ကြီးမားသောသူများအဖြစ် ပြောင်းလဲသွားစေပါသည်။ အောက်ပါဆာလံကျမ်းချက်အတိုင်းလူ့ဘဝကို အဓိပ္ပါယ်ရှိရှိဖြတ်သန်းရှင်သန်



သွားခဲ့သူများ ခေတ်ကာလအဆက်ဆက်ရှိလာခဲ့ကြပါသည်။

“နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ် လမ်းခရီးကို လင်းစေပါ၏”(ဆာ - ၁၁၉း၁၀၅)။ နှုတ်ကပတ်တရားတော် အားသိရှိသဘောပေါက်သူများသည် လူ့ဘဝခံယူခဲ့သော ဘုရားရှင်၏ သားတော် နေထိုင်ကျင့်ကြံပုံအတိုင်း လိုက်နာသောအခါ၊ လူ့ဘဝရရှိခြင်း (လူဖြစ်လာခြင်း) ၏ရည်ရွယ်ဦးတည်ချက်သည် ထာဝရဘုရား၏ အလိုတော် အတိုင်းနေထိုင်ကျင့်ကြံခြင်းသာ ဖြစ်ကြောင်း (ဟေဗြဲ-၁၀း၇)၌ပါရှိသည့် အတိုင်းသဘောပေါက်လာကြ၏။

**စိတ်နှလုံးချမ်းသာနှစ်သိမ့်ခြင်း၏ အရင်းအမြစ်ဖြစ်ကြောင်း**

A Source of Comfort

“ငါတို့သည် ကျမ်းစာ၌ပါသောသည်းခံခြင်း၊ သကသာခြင်းအကြောင်း များကိုအမှီပြု၍၊မျှော်လင့်ရသောအခွင့်ရှိစေခြင်းငှါ၊ ကျမ်းစာ၌အထက်က ရေးထားသမျှသည်ငါတို့ကိုဆုံးမသြဝါဒပေး၍ ရေးထားသတည်း” - ဟူသော ကျမ်းချက်နှင့်အညီ ရှင်ပေါလုကလည်း ရော ၁၅း၄ ထဲ၌ရေးသားထားခဲ့ပါသည်။ ယနေ့ကာလကဲ့သို့ ဒုက္ခများသည် လူ့ဘဝထဲရောက်ရှိနေထိုင်သူ လူသားများ အတွက် ရှင်ပေါလု၏ဆုံးမစာသည် မည်၍မည်မျှ အကျိုးတရားရှိကြောင်းကို ရှင်ပေါလုကိုယ်တိုင်ပင် သိနိုင်မည်မထင်ပါ။ သမ္မာကျမ်းစာသည် ခေတ်အဆက် ဆက်ကတည်းက ဖတ်ရှုကျင့်သုံးလာခဲ့ကြသောသူများအတိုင်း လူ့ဘဝနှင့် ပတ်သက်၍ သေရေး/ ရှင်ရေး အကြောင်းသိရှိရန် အတွက်သာမဟုတ်ပါ။ လက်ငင်းချက်ချင်း အကြောဖြေ၊ စိတ်တည်ငြိမ်ခြင်းကိုလည်း ပေးနိုင်သောကြောင့် ချက်ချင်းအသုံးချ နိုင်ပါသည်။ စိတ်နှလုံးငြိမ်သက်စေသော တန်ခိုးပါရှိပါသည်။ ယေရှုခရစ်တော်က သူ့တပည့်တမန်တော်တို့ထံ မိန့်ဆိုခဲ့သောစိတ်ငြိမ်းချမ်းခြင်း ဂတိစကားသည် ကျွန်ုပ်တို့အတွက်ပါ အကျုံးဝင်ပါသည်။ ကျမ်းစာထဲပါရှိသမျှ

အားလုံးကလက်ခံသဘောပေါက်ခဲ့ကြပါသည်။ ရှင်ပေတရုက "သခင်၊ ကျွန်ုပ်တို့သည်အဘယ်သူထံသို့သွားရပါမည်နည်း။ထာဝရအသက် နှင့်ယှဉ်သော စကားသည်ကိုယ်တော်၌တည်ပါ၏။ ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို အကျွန်ုပ်တို့ယုံကြည် စိတ်ချကြပါသည်ဟုလျှောက်လေ၏ (ယော ၆း၆၈)။

ရှင်ပေတရု၏ဝန်ခံပြောဆိုချက်ဖြစ်သော ယုံကြည်ခြင်းသည် ခရစ်တော်ဟောသမျှတရားစကားအားလုံးကို လက်ခံခြင်းဖြစ်ပါသည်။ သူအပါအဝင်အခြားသောနောက်လိုက်တမန်တော်တို့သည် ထိုအချိန်၌ယေရှုခရစ်တော်ဟောကြားချီးမြှင့်သောတရားစကားများ၏ အဓိပ္ပါယ်ကိုအပြည့်အစုံ နားလည်သဘောပေါက်ခြင်းမရှိသေးပါ။ သို့သော်ခရစ်တော်၏ တရားစကားအတိုင်းသည်အမှန်တရားဖြစ်ကြောင်းကိုမူ နားလည်သဘောပေါက်ခဲ့ကြပါသည်။

ယနေ့အခါမှာလည်း တရားတော်ကိုကြားနာပြီးမှ လိုက်နာလိုသောစိတ်မရှိသောကြောင့် ယေရှုခရစ်တော်၏အချို့သော တပည့်များအတိုင်းပြန်လည်ထွက်သွားသူများရှိနိုင်ပါသည် (ယော ၆း၆၇)။ ပုံနှိပ်ထုတ်ဝေလိုက်သောသမ္မာကျမ်းစာအုပ်ပါ အကြောင်းအရာများကို ဂရုမစိုက်သူများ ပေါ့ဆစွာပြုမူသူများ ငြင်းပယ်သူများရှိနိုင်ပါသည်။ ဤသို့ဆိုလျှင် ယော -၁၇-ပါ အပေါ်ခန်းထဲ၌ရှိကြသောတပည့်တော်တို့အပေါ် ယေရှုခရစ်တော်၏ ဆုတောင်းပေးပုံကိုသတိရသင့်ပါသည်။ ဆုတောင်းပေးရာတွင် နောင်လာနောက်သားများသည်ဤမည်သော ငါ့တပည့်တမန်တော်တို့၏ ဟောပြောချီးမြှင့်သော တရားတော်အားဖြင့်ယုံကြည်သူများ ဖြစ်လာရမည့်အကြောင်းကို ယေရှုခရစ်တော်ကအထူးပြုဆုတောင်းပေးတော်မူခဲ့ပါသည် (၁၇း၂၀)။ ထို့ကြောင့်ပုံနှိပ်ထုတ်ဝေသော သမ္မာကျမ်းစာအုပ်ကြီးသည်၊ ယေရှုခရစ်တော်၏အထူးဆုတောင်းချက်ကို အကောင်အထည်ဖေါ်သော အံ့ဖွယ်မဟာစာအုပ်ကြီးဖြစ်ကြောင်းမမေ့ပါ

လေနှင့်။ နားစွင့်ရင်းသမ္မာကျမ်းစာအုပ်ကို ဖတ်ရှုလေ့လာဆင်ခြင်ပါ။ အံ့ဖွယ်အတိဖြစ်သော သမ္မာကျမ်းစာအုပ်ကြီးကို မငြင်းပယ်ပါနှင့်တော့။ အချို့သူများသောသူများကဲ့သို့ထွက်သွားသူဖြစ်နေပါသလား။

သမ္မာကျမ်းစာသည်၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်အပ်သော စာအုပ်ကြီးဖြစ်ပြီး သာမာန်ရာဇဝင်သမိုင်းသက်သက်မဟုတ်ပါ။ ဂန္ထဝင်အင်္ဂလိပ်စာကြီးပေကြီးထက် အမြတ်တနိုးထိမ်းသိမ်းဖတ်ရှု ယုယမြတ်နိုးရမည့် စာအုပ်ကြီးဖြစ်ရ၏။ ထာဝရဘုရားနှင့် လူသားဆက်ဆံပုံအကြောင်းနှင့်တကွ ဘုရားရှင်ကိုယ်တော်တိုင်၏ အံ့ဖွယ်ဂုဏ်တော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တအကြောင်းလည်း အပြည့်အစုံပါဝင်ပါသည်။ ဘုရားရှင်၏အကြံအစည်တော်ဖေါ်ပြသော စာအုပ်ကြီးဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်မှ လူသားဘဝဇာတိခံယူလာခဲ့ရသော ပုဂ္ဂိုလ်မြတ်ကြီး၏အသက်တာနှင့် လုပ်ဆောင်ချက်များဖေါ်ပြသော စာအုပ်ကြီးဖြစ်ပါသည်။ ထိုလူသည် လူ့လောက၌လူသားများနှင့်အတူနေထိုင်သွားလာလှုပ်ရှားခဲ့ပါသည်။ သမ္မာကျမ်းစာတော်မှသတင်းကောင်းတရားစကားအားလုံးကို ရှေးသမိုင်းမှ အသိပညာအမွေသဘော (သို့မဟုတ်) ခန့်ညားထည်ဝါသည့်စာပေရေးသား ပုံကိုချီးမွမ်း၍ဖတ်ရှုသူများအဘို့မဟုတ်ပါ။ ထာဝရဘုရားရှင်၏ တရားတော်မြတ်ကို သေချာစွာလေ့လာ၍ ကြည့်ရှုသဘောပေါက်ကာ လိုက်နာကျင့်သုံးရန် ဖတ်ရှုလေ့လာဆင်ခြင်သူများအတွက်သာ ဖြစ်ပါသည်။